# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၅၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ် ထူထောင်မှု နှစ် (၃၀)ပြည့် အထိမ်းအမှတ် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် စက်တင်ဘာ ၂၁

၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်မှု နှစ် (၃၀)ပြည့်မြောက်သော အထိမ်းအမှတ်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယားတို့အကြား၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာရာ ဟာဂျီ မိုဟာမက် ယူဆွတ်တို့အကြား ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

## လာမည့် ခရီးသွားရာသီအတွက် မြန်မာနိုင်ငံအတွင်း ဦးစားပေးလည်ပတ်နိုင်သည့် ခရီးစဉ်ဒေသ ၁၄ ခု ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံ၏ခရီးသွားရာသီ မကြာမီစတင်တော့မည်ဖြစ်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ သဘာဝအခြေခံခရီးသွား လုပ်ငန်းများနှင့် သာယာလှပသည့် ခရီးစဉ်ဒေသများစွာ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြမည့် ပြည်တွင်းပြည်ပ ခရီးသွားများအတွက် ဦးစားပေးသွားရောက်လည်ပတ်နိုင်သည့် ခရီးစဉ်ဒေသ ၁၄ ခုကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အကြံပြုချက်ထုတ်ပြန်ထားသည်။

သမိုင်းဝင်ဘုရားစေတီပုထိုးများ၊ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ သာယာလှပကောင်းမွန်သည့် ရာသီဥတုနှင့် တောတောင် ရေမြေသဘာဝများဖြင့် ပြည့်စုံကြွယ်ဝသည့် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအဖြစ် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ငွေဆောင်၊ ချောင်းသာ၊ ငပလီ၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆



ပူတာအိုဒေသရှိ ရေခဲတောင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဖုန်ကန်(ပူတာအို)




# အယ်နီညိုရာသီဥတုအခြေအနေနှင့် စိုက်ရေး ပျိုးရေးအတွက် ရေ

ယခုနှစ်ဒုတိယနှစ်ဝက်ကာလအတွင်း အယ်နီညိုရာသီဥတုဖြစ်စဉ်ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြသည်။ အယ်နီညိုသည် အစွန်းရောက်ရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်းရေပြင်တွင် ရေများပုံမှန်မဟုတ်ဘဲ ပူနွေးလာသည့် အခြေအနေတစ်ရပ်ဖြစ်သည်။ ပင်လယ်ရေပြင်ပူနွေးလာခြင်းကြောင့် ငါးများအုပ်စုလိုက် ပြောင်းရွှေ့သွားကြသည်ကို တွေ့ရှိကြရပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀ ခန့်ကပင် ပီရူးမှ ငါးဖမ်းသမားတံငါသည်များက အယ်နီညိုဖြစ်စဉ်ကို သတိပြုမိခဲ့ကြသည်ဟုဆိုသည်။

အယ်နီညိုသည် ကမ္ဘာတစ်ဝန်းရာသီဥတုများအပေါ်တွင် သက်ရောက်မှုရှိခြင်းကြောင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်ရေးတို့တွင်လည်း ဆင့်ကဲသက်ရောက်မှုများဖြစ်ပေါ်စေသည်။ အယ်နီညိုရာသီဥတုဖြစ်စဉ်ဟုဆိုလျှင် ပူပြင်းခြောက်သွေ့သည့် အခြေအနေဟုပုံသေအားဖြင့် ဆိုနိုင်သည်။ အာရှတိုက်တွင် အပူလွန်ကဲခြင်း၊ ခြောက်သွေ့ခြင်းတို့ကြုံတွေ့နိုင်ပြီး အရှေ့တောင်အာရှဒေသတွင်လည်း ဖြစ်မြဲထက်ပို၍ပူစေသည်။ ယင်းအခြေအနေက အဓိကကောက်ပဲသီးနှံဖြစ်သော ဂျုံ၊ စပါး၊ ပြောင်းနှင့် ဆီထွက်သီးနှံများ စသည်တို့စိုက်ပျိုးထုတ်လုပ်မှုကိုထိခိုက်စေသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းခြင်းက ကမ္ဘာ့ကောက်ပဲသီးနှံဈေးကွက်အတွင်း သီးနှံရောင်းလိုအားအပေါ်ထိခိုက်နိုင်ပြီး စားသုံးကုန်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းမှုများလည်း ထွက်ပေါ်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့်မူ အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာ ၁၆ ရက်ခန့်မှစကာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားခဲ့ပြီဖြစ်သည်။ အယ်နီညိုရာသီဥတုအခြေအနေတွင် မိုးရွာသွန်းရက် လျော့နည်းတိုတောင်းခြင်း၊ ဆောင်းကာလတွင် အအေးပေါ့ခြင်း၊ နွေရာသီတွင် ပို၍ပူပြင်း ခြောက်သွေ့ခြင်းတို့ဖြစ်ပေါ်ပြီး အယ်နီညိုအားပြင်းမှု၊ ပျော့မှုအပေါ်မူတည်၍ အပူလွန်ကဲခြင်း၊ အပူလှိုင်းဖြတ်ခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ ရှေ့ဆက်၍လည်း နောက်နှစ်တွင် အနောက်တောင်မုတ်သုံလေဝင်ရောက်မှု နောက်ကျနိုင်သည့်အတွက် ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလရှည်တစ်ရပ်ကို ဖြတ်သန်းကြရဖွယ်ရှိသည်။ ယင်းသို့သော အခြေအနေက စိုက်ပျိုးရေးအဓိကဖြစ်သော မိမိတို့နိုင်ငံအနေဖြင့် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ကြရမည့်အခြေအနေပင်ဖြစ်ရာ တောင်သူများကို အသိပညာပေးခြင်း၊ စိုက်ပျိုးရေများ ကြိုတင်သိုလှောင်ရေး၊ ရေကို အလဟဿမဖြစ်စေဘဲ အလေအလွင့်နည်းနည်းနှင့် အကျိုးရှိရှိ ထိထိရောက်ရောက် သုံးစွဲနိုင်ရေး၊ စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်များ ရှာဖွေရေး၊ အပူဒဏ်နှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်သည့် သီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ ရာသီဥတုအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် သီးထပ်ပုံစံများ စိုက်ပျိုးရေးတို့ကို သက်ဆိုင်ရာဌာနများနှင့် တောင်သူများက အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။

စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံအနေဖြင့် အယ်နီညိုအစွန်းရောက်ရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်နေသည့်ကာလအတွင်း မိမိတို့၏ စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်မှုမဖြစ်စေရန် ရေအရင်းအမြစ် စီမံခန့်ခွဲမှု ကောင်းစွာပြုလုပ်သွားကြရမည်ဖြစ်သည်။ ရှိရင်းစွဲရေအရင်းအမြစ်များကို မပျက်စီးအောင် ထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေကို လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် စီမံသုံးစွဲခြင်းတို့ အပါအဝင် စိုက်ပျိုးရေးအတွက် အသက်သွေးကြောဖြစ်သည့် ရေကို ရွှေကဲ့သို့အလား တန်ဖိုးထားကာ အယ်နီညိုရာသီကာလကို ကျော်ဖြတ်ကြရပါမည့်အကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ထွက်ခွာ



ရန်ကုန် စက်တင်ဘာ ၂၁

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အကြိမ်(၂၀) မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (16th ASEAN Ministers' Responsible for Information and its related Meetings) (16th AMRI)သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ထွက်ခွာသွားသည်။ **(အပေါ်ယာပုံ)**

အဆိုပါ (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကြိုတင်ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်လျက်ရှိသည်။

ယင်း အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြမည် ဖြစ်ပြီး တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးအဆင့် တာဝန်ရှိသူများလည်း တက်ရောက်ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မန္တလေးဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

**မန္တလေး စက်တင်ဘာ ၂၁**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှ တပ်ဖွဲ့ဝင်များက မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့နှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ ရဲအုပ်မင်းသန့် ဦးစီးသည့် အရာရှိ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၇၃ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ ကွပ်ကဲရေးမှူး ရဲမှူးချုပ် ကိုကိုအောင်နှင့် အရာရှိများ၊ မန္တလေးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာ ဒေါ်နီလာဝင်းတို့က ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်များကို အာဟာရဖြည့်စွက်စာနှင့် အားဆေးများပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## မြန်မာ့အလင်း မြို့နယ်သတင်းထောက်များ သက်ကြီးပူဇော်ကန်တော့ပွဲအလှူငွေပေးအပ်မည်

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များလူမှုကူညီရေးအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက် အသက် ၇၅ နှစ်အထက်သတင်းစာဆရာကြီး ၁၈ ဦးအား ပူဇော်ကန်တော့ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကန်တော့ပွဲအလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ် ၁ ရှိ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်ရုံးခွဲ)၌ ကျင်းပမည်ဖြစ်၍ အလှူရှင်များ တက်ရောက်နိုင်ရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉- ၂၅၀၂၆၆၆၀၉၊ ၀၉-၇၇၇၆၄၂၆၉၉ တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

* ရှေ့ဖုံးမှ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်မှု နှစ် (၃၀)ပြည့် အထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင်ကျရောက်သော မြန်မာနိုင်ငံနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်မှု နှစ် (၃၀) ပြည့်မြောက်သည့် အထိမ်းအမှတ်အခါသမယတွင် အဆွေတော်နှင့် ဘရူနိုင်းနိုင်ငံပြည်သူများထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့သည် အာဆီယံမိသားစုဝင်များဖြစ်သည့်အားလျော်စွာ ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောမှုမြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်လျက် နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာမျက်နှာစာတွင် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ထားရှိနိုင်ခဲ့ကြသည်ကို တွေ့မြင်ရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။ မိမိတို့နှစ်နိုင်ငံအကြားရှိ ရင်းနှီးသောဆက်ဆံရေးနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ် ဖွင့်လှစ်နိုင်ခဲ့သည့်နည်းတူ မိမိတို့၏ ဝိုင်းဝန်းကြိုးပမ်း အားထုတ်မှုများမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအား နှစ်နိုင်ငံနှင့်ပြည်သူများ၏ ကဏ္ဍစုံ အကျိုးစီးပွားအပြန်အလှန်ဖြစ်ထွန်းရေးအတွက် ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော်ဘုရင်မင်းမြတ် ကျန်းမာရွှင်လန်းပါစေရန်နှင့် ဘရူနိုင်းနိုင်ငံနှင့်ပြည်သူများ အဓွန့်ရှည်သာယာဝပြောပါစေကြောင်း နွေးထွေးသောဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခါသမယတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မိမိတို့ နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့်မြောက်သည့် အထိမ်းအမှတ်အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံသို့ နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်သုံးစုကျော်ကာလအတွင်း ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ပညာရေးကဏ္ဍနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများတွင် နွေးထွေးပြီး ကာလရှည်ကြာသည့် ဆက်ဆံရေးကို ရရှိခံစားခဲ့ကြပါသည်။ နှစ်နိုင်ငံနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် မျှော်လင့်ပါသည်။

အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြလျက် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ် (၃၀) ပြည့်အထိမ်းအမှတ်အခါသမယတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး (၂) ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာရာ ဟာဂျီ မိုဟာမက် ယူဆွတ် ထံသို့ ပေးပို့သည့်ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင်ကျရောက်သော မြန်မာနိုင်ငံနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ် (၃၀) ပြည့်မြောက်သည့် အထိမ်းအမှတ်တွင် အဆွေတော်အား နွေးထွေးစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် ၁၉၉၃ ခုနှစ် သံတမန်အဆက်အသွယ် စတင်ထူထောင်ချိန်မှစ၍ ထားရှိခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများအား အစဉ်အမြဲအလေးထားလျက်ရှိပါသည်။ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်သည့် နှစ် (၃၀) ပြည့်မြောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးနှင့် နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားဆောင်ရွက်ရန် နှစ်နိုင်ငံအကြားသာမက အာဆီယံအပါအဝင် နိုင်ငံတကာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့အတွက် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်စေသည်ဟု မိမိအနေဖြင့် အမှန်တကယ်ယုံကြည်ပါသည်။

အဆွေတော် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်းနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ပြည်သူများ အဓွန့်ရှည်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခါသမယတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး(၂) ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာရာ ဟာဂျီ မိုဟာမက် ယူဆွတ် ထံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ပေးပို့သည့်ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မိမိတို့ နှစ်နိုင်ငံအကြား သံတမန် အဆက်အသွယ်ထူထောင်မှု နှစ်(၃၀) ပြည့်မြောက်သည့်အထိမ်းအမှတ်တွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံသို့ ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အကျိုးတူကဏ္ဍများ၌ နွေးထွေးရှည်ကြာသည့် ဆက်ဆံရေးများ ရှိကြပါသည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းအဓွန့်ရှည်သည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကို ဦးတည်သော အာဆီယံမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားနိုင်ရန် မျှော်လင့်ပါသည်။

အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြလျက် အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**စစ်တွေ စက်တင်ဘာ ၂၁**

ရခိုင်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်တိုက်လုပ်ဆောင်နေသည်ကို တွေ့ရသည့်အတွက် ကော်မတီဝင်များကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ပြန်လည်ထူထောင်ရေး ကာလတွင် ပြည်နယ်အတွင်းကော်မတီ(၆)ရပ်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ စာရင်းဇယားများမှန်ကန်ရေးကို စနစ်တကျဖြင့် လုပ်ဆောင်ပေးကြစေလိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက်သွားသည့်အခါတွင် တိကျမှန်ကန်ပြီး စာရင်းဇယားစနစ်တကျဖြင့် မှတ်တမ်းများကျန်ရှိနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီများကလည်း ကော်မတီအလိုက်ပြန်လည်ထူထောင်ရေးပစ္စည်းများ ရောက်ရှိမှု၊ ဖြန့်ခွဲမှုများ မှတ်တမ်းမှတ်ရာများပြုစုပြီး ဖြန့်ခွဲရာတွင်လည်း မြို့နယ်အလိုက်ဖြန့်ခွဲမှုများကို အသေးစိတ်ဆောင်ရွက်ထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များကို အခြေခံ၍ ပြန်လည်ဆွေးနွေးပေးမည်ဖြစ်ပြီး လက်ရှိဆောင်ရွက်နေသည့်ကဏ္ဍများတွင်လည်း လိုအပ်ချက်များရှိပါက ပြန်လည်တင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်းပြီး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့ကော်မတီ



အလိုက် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို အဆိုပါအစည်းအဝေးခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာနမှ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဒဏ်ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် ၃၀၁၂၀၀၀ တန်ဖိုးရှိဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အလှူငွေလက်ခံရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ အားကစားကွင်းနှင့် အားကစားရုံများ လှည့်လည်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်

**လွိုင်ကော် စက်တင်ဘာ ၂၁**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းသည် ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ကြက်တောင် အားကစားရုံ၌ ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရှိဝန်ထမ်းများနှင့် တွေ့ဆုံသည်။ (ယာပုံ)




**ထိုက်တန်စွာချီးမြှင့်ပေးအပ်**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍကို ဘက်စုံကဏ္ဍစုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများကိုလည်း ထိုက်တန်စွာချီးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိကျရာတာဝန်များကိုကျေပွန်စွာထမ်းဆောင်ကြရန်နှင့် ပြည်နယ်အတွင်းရှိ အားကစားဝါသနာရှင်များကလည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။



**ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အားကစားနှင့် လူငယ်ရေးရာကဏ္ဍ ဆောင်ရွက်မှုများ၊ ပြည်နယ်အတွင်း အားကစားကွင်းများ ဆောင်ရွက်ထားရှိမှု၊ ထူးချွန်အားကစားသမားများ မွေးထုတ်ပေးနိုင်မှုကို ဆွေးနွေးတင်ပြပြီး ပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူးက ပြည်နယ်အတွင်း အားကစားဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားကွင်း၊ အားကစားရုံအတွင်းရှိအားကစားပွဲကြည့်စင်များနှင့် မီတာ ၄၀၀ ပြေးလမ်းတို့ကို လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ကရာတေးအားကစားရုံ၌ ကျင်းပပြုလုပ်သည့် ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဘောလခဲမြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ် ကိုယ်စားပြု အမျိုးသားဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲစဉ်ကို ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအမျိုးသား၊ အမျိုးသမီးအားကစားသမားများနှင့် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ဒီးမော့ဆိုမြို့နယ်အသင်းနှင့် ဖရူဆိုမြို့နယ်အသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် လွိုင်ကော်မြို့နယ်အသင်းနှင့် ဖရူဆိုမြို့နယ်အသင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လွိုင်ကော်မြို့နယ်အသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဘောလခဲမြို့နယ်အသင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှားတောမြို့နယ်အသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဒီးမော့ဆိုမြို့နယ်အသင်းတို့ကို ဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး (ဝဲပုံ) ဆုရအားကစားသမားများနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ *ရှေ့ဖုံးမှ*
ပြင်ဦးလွင်၊ အင်းလေး၊ ကလော-တောင်ကြီး၊ ကော့သောင်း၊ ကျောက်ဖြူ၊ မာန်အောင်၊ ပူတာအို စသည့် ခရီးစဉ်ဒေသ ၁၄ ခုတို့၏ ခရီးသွားဆွဲဆောင်ရာနေရာများသို့ ဦးစားပေးသွားရောက်လည်ပတ်နိုင်ရန် ဝန်ကြီးဌာနက အကြံပြုထားသည်။

အဆိုပါခရီးစဉ်ဒေသ ၁၄ ခု၏ ဒေသတစ်ခုချင်းစီအလိုက် ခရီးသွားဆွဲဆောင်ရာနေရာများနှင့် သွားလာလည်ပတ်ရာတွင် ဆောင်ရွက်နိုင်မည့် ဖော်ပြချက်များကို ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ website များဖြစ်သော www.tourism.gov.mm နှင့် www.tourisminmyanmar.com တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ပွင့်လင်းရာသီကာလတွင် အလည်အပတ်ခရီးသွားရန် အကောင်းဆုံးဖြစ်သော်လည်း ပထဝီဝင်အနေအထားအရ မြန်မာပြည်မြောက်ဖျားပိုင်းတွင် နှင်းဖုံးသော ကချင်တောင်တန်းများ၊ အလယ်ပိုင်းတွင် ပုဂံရှေးဟောင်းအမွေအနှစ်ဒေသနှင့် ပုပ္ပားတောင်ခရီးစဉ်ဒေသ၊ တောင်ဘက်ပိုင်းတွင် မြိတ်ကျွန်းစု၊ ငပလီ၊ ငွေဆောင်၊ ဂွ ကဲ့သို့သော သာယာလှပသည့် ပင်လယ်ကမ်းခြေ ခရီးစဉ် ဒေသများကိုပိုင်ဆိုင်ထားသဖြင့် တစ်နှစ်ပတ်လုံး အပန်းဖြေလည်ပတ်နိုင်သည့်ခရီးစဉ်ဒေသများစွာ ရှိသည်။

လာမည့်ခရီးသွားရာသီတွင် ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလွယ်ကူစွာလာရောက်လည်ပတ်နိုင်စေရေးအတွက် ပြည်ဝင်ခွင့်ဗီဇာစနစ်နှင့် ကျန်းမာရေးဆိုင်ရာကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိရာ တရုတ်ခရီးသွားများအတွက် ဆိုက်ရောက်ဗီဇာလျှောက်ထားမှုကို ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်က စတင်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ ထို့အတူ ဝန်ကြီးဌာနအနေဖြင့် လိုင်စင်ရ ခရီးသွားကုမ္ပဏီများ၏စီစဉ်မှုဖြင့် လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များအား ခရီးစဉ် အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင်လကုန်အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း ၇၁၆၂ ဦးတို့၏ ခရီးစဉ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စာရင်းဇယားများအရ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းခရီးစဉ်များနှင့် နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့် လာရောက်သည့် ကမ္ဘာ့လှည့်ခရီးသည် စုစုပေါင်း ၈၂၀၂၅ ဦး ရှိခဲ့ပြီး ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နှစ်ရာခိုင်နှုန်းအောက် ကျဆင်းလာမှုနှင့်အတူ လာမည့် ပွင့်လင်းရာသီတွင် ကမ္ဘာလှည့်ခရီးသွား ပိုမိုလာရောက်လာပတ်မည်ဟု မျှော်လင့်ရသည်။ **သီဟစည်သူ**

---



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့ ခုတင် (၅၀၀) ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်းမှု ကြည့်ရှုအားပေး

**ပြည် စက်တင်ဘာ ၂၁**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက ပြည်မြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ပြုလုပ်သည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကြိုဆို ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်းပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါသွေးလှူဒါန်းပွဲတွင် နတ်တလင်းခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၆ ဦးတို့က ပြည်ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သွေးလှူဒါန်းသော ရဲတပ်ဖွဲ့ဝင်များကို အားဖြည့်အစားအစာများနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်ကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **ကိုစိုး(ပြည်)**

---

## ဘူးသီးတောင်မြို့နယ်၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေစီမံကိန်း (RBF) ကျေးရွာကို ကွင်းဆင်းစစ်ဆေး

**ဘူးသီးတောင် စက်တင်ဘာ ၂၁**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် တာဝန်ခံဝန်ထမ်းများသည် ယနေ့နံနက် ၉ နာရီက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေစီမံကိန်း(RBF)ကျေးရွာကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးမွေးမြူရေးထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် အရင်းအနှီးများရရှိစေရန်၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာများရရှိစေရန်နှင့် ဒေသထွက်ကုန်များကို အစုအဖွဲ့စနစ်ဖြင့် လုပ်ကိုင်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေစီမံကိန်း(RBF) ဆောင်ရွက်လျက်ရှိသည့် ငကျည်တောက်ကျေးရွာမှ မွေးမြူရေးအစုအဖွဲ့ လေးဖွဲ့တို့မှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများ၊ ရပ်မိရပ်ဖ၊ ကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**လှကျော်( ပြန်/ဆက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်နှင့် စဝ်အုမ်ခေး၊ ဗဟိုဦးစီးကော်မတီဝင် စဝ်စိုင်းဟန်နှင့် စဝ်စိုင်းလျဲန်းတို့ တက်ရောက်ကြသည်။



**နှုတ်ခွန်းဆက်အမှာစကားများပြောကြား**

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်ဖက်ဆွေးနွေးမည့် အစီအစဉ်များကို ဦးစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

**ဆက်လက်ကျင်းပသွားမည်**

ယင်းနောက် NCA နှင့် NCA (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားအား အလေးအနက်ထား၍ ကျင်းပနိုင်ရေးဆောင်ရွက်မည့်ကိစ္စ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာ ဒေသများတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာ ဒေသများတွင် လူသားချင်းစာနာမှုအကူအညီပေးအပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပြင်ဆင်သင့်သည့်ပုဒ်မများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များအပေါ် RCSS မှ ဆွေးနွေးချက်များအား အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ စက်တင်ဘာ ၂၂ ရက်တွင် ဒုတိယနေ့ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပထမနေ့၌ မပြီးပြတ်သေးသည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကာ နှစ်ဖက်သဘောထားများ ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပါတီဝင်အင်အားစာရင်းများ မှန်ကန်ခြင်း ရှိ/မရှိ ပူးပေါင်းစိစစ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်သည် ယနေ့ နံနက်ပိုင်းတွင် ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျောက်ဆည်ခရိုင်နှင့် တံတားဦးခရိုင်တို့မှ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲအရာရှိများနှင့် တွေ့ဆုံ၍ ပါတီဝင်အင်အားစာရင်းများ မှန်ကန်စွာပြည့်မီရေးအတွက် ပူးပေါင်းစိစစ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများနှင့် စိစစ်ခြင်းလုပ်ငန်းများကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ကိုက်ညီစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို တွေ့ဆုံဆွေးနွေးမှာကြားသည်။



**အလေးထားဆောင်ရွက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ သုံးခုတို့မှ သတ်မှတ်ကာလအတွင်း ပေးပို့လာသည့် ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က CVLMS Software ဖြင့် စိစစ်ဆေး ခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့၍ အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက Admin DEO Software ဖြင့် စစ်ဆေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ မြေပြင်အခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးခြင်းတို့ကိုဆောင်ရွက်ခဲ့ရာ ပါတီဝင်စာရင်းတွင် ဥပဒေနှင့်အညီ နေထိုင်သူစာရင်း၌ မရှိသူများ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်တူသူများ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်သာတူသူများ အစရှိသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် ပါတီဝင်အင်အားများ ပါဝင်နေသည့်အပြင် အချို့ပါတီများ၌ ပါတီဝင်၏အလုပ်အကိုင်ကို ဝန်ထမ်းဟူ၍ ဖော်ပြထားခြင်း၊ နေရပ်လိပ်စာပြည့်စုံခြင်းမရှိသည့် ပါတီဝင်များ ပါဝင်နေခြင်းတို့ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ နိုင်ငံရေးပါတီများမှ တင်ပြထားသည့်ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှုရှိ/မရှိ၊ မြေပြင်တွင် အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ တို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်း၍ စိစစ်နေသကဲ့သို့ သက်ဆိုင်ရာပါတီများ၏ မြို့နယ်တာဝန်ခံများက ပေးပို့တင်ပြလာသည့် ပါတီဝင်ဖြစ်ကြောင်း အသိအမှတ်ပြုထားသည့်မှတ်တမ်း၊ အထောက်အထားများနှင့်လည်း ပူးပေါင်းတိုက်ဆိုင်စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့်ပါတီဝင်အင်အားစာရင်းများဖြစ်စေရန်အတွက် အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် မြို့နယ်အလိုက် စိစစ်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန်အတွက် စနစ်တကျစီမံချက်ဖြင့် ဆောင်ရွက်ရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံရေးပါတီ သုံးခုမှ တင်ပြလာသည့် ပါတီဝင်အင်အားစာရင်းများ မှန်ကန်စေရေးအတွက် သက်ဆိုင်ရာမြို့နယ်အလိုက် စိစစ်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လွှတ်တော်ရုံးဟောင်းအစည်းအဝေးခန်းမ၌ မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်နှင့် အမရပူရခရိုင်တို့မှ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံရေးပါတီ သုံးခုမှ တင်ပြလာသည့် ပါတီဝင်အင်အားစာရင်းများအား ပူးပေါင်းအဖွဲ့ဖြင့် တိုက်ဆိုင်စိစစ်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေများနှင့် သတ်မှတ်ကာလအတွင်း စိစစ်မှုလုပ်ငန်းများ ပြီးစီးနိုင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# သာစည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း မယ်ဇလီကန်၌ ကျောင်းဆောင်သစ်ဖွင့်

**သာစည် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း မယ်ဇလီကန်၌ သဇင်ကျောင်းဆောင်သစ် ဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက် နံနက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်၊ တာဝန်ခံမြို့နယ်ပညာ ရေးမှူး ဒေါ်ဝါဝါကျော်၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်စုစုလှိုင်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဆက်လက်၍ ကျောင်းဆိုင်းဘုတ်ကို ဒုတိယမြို့နယ် ပညာရေးမှူးဦးတင့်ဘော်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး တာဝန်ခံမြို့နယ် ပညာရေးမှူးက ပညာရေးနှင့်ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ၂၀၂၂ - ၂၀၂၃ နှင့်၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် RCC နှစ်ထပ် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုများရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာဆန်ဂျေးမာသာအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုများရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေးမာသာကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**လက်ရှိပူးပေါင်းဆောင်ရွက်မှုများဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုများရုံးတို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုများရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူး Ms. Sara Austin Netzer တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေးမာသာနှင့်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) တို့အကြား လက်ရှိဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ရောက်ရှိနေသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဦးဆောင်သော အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ကျန်းစုပြည်နယ် လဲ့ယွင်းဂန်(Lianyun-gang)မြို့ Lianyung New City Hotel ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (The 2023 Conference of Global Public Security Cooperation Forum) ဖွင့်ပွဲသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံပေါင်း ၅၀ ကျော်မှ လုံခြုံရေးဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး Mr. Wang Xiaohong က အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံများမှ လုံခြုံရေးဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များက နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး Mr. Wang Xiaohong တို့သည် အဆိုပါ ဟိုတယ်ညှိနှိုင်းခန်းမ၌ တွေ့ဆုံကြသည်။ **(အပေါ်ယာပုံ)**

တွေ့ဆုံစဉ် တရုတ်-မြန်မာနှစ်နိုင်ငံအကြား နှစ်ကာလရှည်ကြာစွာ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်ခဲ့မှု၊ နှစ်နိုင်ငံနယ်နိမိတ်အတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံပြည်သူများ အပြန်အလှန် ကူးလူးဆက်ဆံ သွားလာနိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံနယ်စပ်မှ တရားမဝင် ဝင်/ထွက်မှု မရှိစေရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှုနှင့် Online Game လောင်းကစားမှုများမရှိစေရန် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ-ထိုင်း-လာအို လေးနိုင်ငံပူးပေါင်း၍ နယ်စပ် ဖြတ်ကျော်မှုခင်းများ၊ လူကုန်ကူးမှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ငွေကြေးလိမ်လည်မှုများကို ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့် အောင်မြင်မှုနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် အခြေအနေ၊ နှစ်နိုင်ငံ နယ်စပ်ဂိတ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာ-တရုတ်နယ်စပ်၊ မူဆယ်-ရွှေလီ ဝင်ထွက်ဂိတ်မှ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူ မြန်မာနှင့်တရုတ် နိုင်ငံသားများ အပြန်အလှန် ဝင်ထွက်ခွင့်ပြုရေး စီစဉ်ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင် စုစုပေါင်း ၆၅ ဦး စက်တင်ဘာ ၂၁ ရက်က စုပေါင်းသွေးလှူဒါန်းရာ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းချွန် ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများ ပေးအပ်စဉ်။

ကိုတွတ်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင် ရဲတပ်ဖွဲ့ဝင်များ တောင်ငူခရိုင် အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၂၁ ရက်က စုပေါင်းသွေးလှူဒါန်းရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်စဉ်။

ခရိုင် (ပြန်/ဆက်)

# တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေး အမှတ်စဉ် ၂/၂၀၂၃ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

တရားလွှတ်တော် ရှေ့နေများကောင်စီ အစည်းအဝေး အမှတ်စဉ် ၂/၂၀၂၃ ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တရားလွှတ်တော်ရှေ့နေများ ကောင်စီရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် တရားလွှတ်တော်ရှေ့နေများကောင်စီ ဥက္ကဋ္ဌ ဒေါက်တာသီတာဦး၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ တရား လွှတ်တော် ရှေ့နေများကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ရှေ့နေကျင့်ဝတ်ဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေများအပေါ် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၀(၁)အရ ထိုက်သင့်သည့် အရေးယူမှု ပြုလုပ်ရန် သင့်၊ မသင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သဘောထား တောင်းခံသည့်ကိစ္စ၊ တရားလွှတ်တော် ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့်ကိစ္စ၊ ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများအား ပြင်ဆင်ဖြည့်စွက်ရန်ကိစ္စ၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ (Insolvency Practitioner)များအဖြစ် တာဝန်ပေးအပ်ရန် တရားလွှတ်တော်ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်သည့် လုပ်သက်သတ်မှတ်နိုင်ရေးကိစ္စ၊ မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်နေရာကို စိတ်ပါဝင်စားသည့် တရားလွှတ်တော်ရှေ့နေများ လျှောက်ထားနိုင်ကြောင်း အသိပေးနှိုးဆော်မည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေများ သိရှိလိုက်နာရန် တရားလွှတ်တော်ရှေ့နေများကောင်စီက ထုတ်ပြန်သည့်ကြေညာချက်များ၊ အမိန့်ကြော်ငြာစာများကို ဥပဒေရေးရာဝန်ကြီးဌာန Website www.mola.gov.mm (ဘားကောင်စီ) ကဏ္ဍတွင် ထည့်သွင်းဖော်ပြရန်ကိစ္စနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီရုံး အဆောက်အဦနှင့် မြေနေရာလျှောက်ထားသည့်ကိစ္စများကို ဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

**သတင်းစဉ်**



# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

စွမ်းအင်ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် ပုံစံအမျိုးမျိုးဖြင့် ပြန့်ပွားလျက်ရှိကြောင်း၊ အဂတိလိုက်စားပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ အရေးယူခံကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ရာထူးတာဝန် အဆင့်အလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ကျောသားရင်သား မခွဲခြားဘဲ မျှတစွာဖြင့် အဂတိကင်းရှင်းသည့်ဌာန၊ ပတ်ဝန်းကျင်ကောင်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုမရှိစေရေးနှင့် ပပျောက်စေရေး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit–CPU) ကို ညွှန်ကြားချက်နှင့်အညီ ဖွဲ့စည်းထားရှိပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ အဂတိကို လက်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းကို ဖန်တီးဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ယခုဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဆိုင်ရာများ၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများသည် စွမ်းအင်ဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ အဂတိလိုက်စားမှုဆိုင်ရာ ကာကွယ်တားဆီးနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယခုကဲ့သို့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို ရှင်းရှင်းလင်းလင်း သိရှိပြီး အဂတိလိုက်စားမှု မြောက်နိုင်သည့် ကိစ္စရပ်များ၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံတော် နစ်နာဆုံးရှုံးရသည့် ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်လာနိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၁ ရက်က ဗန်းမော်မြို့ အမှတ်(၁၁) စစ်မြေပြင် ဆေးတပ်ရင်း၌ စုပေါင်းသွေးလှူဒါန်းရာ ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲနိုင်ဦး၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ငွေစိုးထွန်းတို့ ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)





(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းလှိုင် ဦးစီးရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၁ ရက်က မူလတန်းကြိုကျောင်းအတွင်းအပြင်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

စိုင်း(သီပေါ)

## မောင်တောမြို့နယ်၌ စားနပ်ရိက္ခာဖူလုံစေရေး ငါးမျိုးစိုက်ထည့်

**နေပြည်တော် စက်တင်ဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ မောင်တောမြို့နယ်အတွင်း ငါးသယံဇာတတိုးပွားစေရေးနှင့် ဒေသတွင်း ပြည်သူများ စားနပ်ရိက္ခာဖူလုံစေရေး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငါးမျိုးစိုက်ရာသီတွင် ဆည်ရေလှောင်တမံများဖြစ်သည့် ငွေတောင်ဆည်နှင့် ကိုင်းကြီးဆည်တို့တွင် မျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၂၁ ရက်က အဆိုပါဆည်များတွင် ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ခရိုင်/မြို့နယ်ဦးစီးဌာနမှူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူးများက နံနက် ၈နာရီခွဲတွင် ငွေတောင်ဆည်၌လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ကိုင်းကြီးဆည်၌လည်းကောင်း ထိုင်းငါးခုံးမကြီးကောင်ရေ ၃၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့သည်။ ဆက်လက်ပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက မောရဝတီဆည်နှင့် ကျောက်ပန္နူဆည်များ၌ ဆက်လက်မျိုးစိုက်ထည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးညှင်းမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၂ ဒသမ ၉၅ လက်မ၊ ရသေ့တောင်မြို့တွင် ၂ ဒသမ ၇၀ လက်မ၊ ရန်ကုန်(ဗိုလ်တထောင်မြို့နယ်) တွင် ၂ ဒသမ ၅၆ လက်မ၊ အုတ်ဖိုမြို့တွင် ၂ ဒသမ ၃၀ လက်မ၊ မာန်အောင်မြို့နှင့် ရှမ်းရွာသစ်မြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီနှင့် စစ်တွေမြို့၊ ပေါက်တောမြို့၊ ရန်ကုန်(မရမ်းကုန်းမြို့နယ်) နှင့် ဥက္ကံမြို့တို့တွင် ၁ ဒသမ ၈၉ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် တိကျစွာတိုင်းတာခြင်းနည်းပညာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာန၊ တိကျစွာ တိုင်းတာခြင်း နည်းပညာသိပ္ပံ(မြန်မာ)က ကြီးမှူး၍ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် တိကျစွာတိုင်းတာခြင်း နည်းပညာဆွေးနွေးပွဲ (China-Myanmar Cooperation Symposium on Metrology) ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI ဒုတိယဥက္ကဋ္ဌ၊ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(တရုတ်)၊ တိကျစွာ တိုင်းတာခြင်း နည်းပညာသိပ္ပံ(ကွမ်ရှီး)နှင့် တိကျစွာ တိုင်းတာခြင်း နည်းပညာသိပ္ပံ(မြန်မာ) တို့မှ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ စက်ရုံအလုပ်ရုံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ (မြန်မာ)၏ စံကိုက်ညှိမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ဆွေးနွေးကြပြီး တရုတ်ကျွမ်းကျင်ပညာရှင်များက မြန်မာ-တရုတ် ပူးတွဲသုတေသနလုပ်ငန်းများ၊ အလျားတိုင်းတာခြင်းဆိုင်ရာ တိကျစွာတိုင်းတာခြင်းနည်းပညာ (Dimensional Metrology)၊ အပူချိန်တိုင်းတာခြင်းဆိုင်ရာ တိကျစွာ တိုင်းတာခြင်းနည်းပညာ (Temperature Metro-logy) တို့ကို အသိပညာပေးဆွေးနွေးသည်။ ယင်းနောက် လုပ်ငန်းရှင်များက စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် တိုင်းတာခြင်းဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး တိကျစွာတိုင်းတာခြင်းနည်းပညာဖြင့် စက်မှုလက်မှုလုပ်ငန်းများသို့ ပံ့ပိုးနိုင်မည့်နည်းလမ်းများ ခေါင်းစဉ်ဖြင့် Stake-holder များနှင့် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ ရောက်ရှိပြီး၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကို နိုင်ငံတကာအဆင့်မီ သုတေသနအခြေပြု တက္ကသိုလ်ကြီးတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး၊



တက္ကသိုလ်၏ သင်ကြားသင်ယူဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သုတေသနဆောင်ရွက်နေမှုများ၊ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ မွမ်းမံသင်တန်းများ ပို့ချနေမှုများ၊ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်၏ ဥပမိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်စေရေးတို့ကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုရီးယားနိုင်ငံ၊ Electronics and Telecommunications Research Institute(ERTI) အဖွဲ့အစည်းနှင့် ပူးပေါင်း၍ Robotics Programming Knowledge Sharing Seminar ကို ကြည့်ရှုအားပေးပြီး တက္ကသိုလ်ရှိ စာကြည့်တိုက်၊ သုတေသနဆောင်ရွက်နေမှု၊ အခြေခံအဆောက်အအုံများနှင့် အသစ်ဆောက်လုပ်လျက်ရှိသော ကျောင်းသား ကျောင်းသူအိပ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီဝင်အင်အားများကို စိစစ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မကွေးတိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅၊ ပုဒ်မ ၁၁၊ နည်းဥပဒေ ၁၃ တို့နှင့်အညီ ဆောင်ရွက်ထားကြရန် မင်းဘူးခရိုင်ရှိ မြို့နယ် ငါးမြို့နယ်နှင့် သရက်ခရိုင်၊ အောင်လံခရိုင်တို့ရှိ မြို့နယ်ခြောက်မြို့နယ်တို့မှ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသည့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဝန်ထမ်းများ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပါတီဝင်အင်အား မှန်ကန်စေရေး လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးသည် ယမန်နေ့ နံနက်ပိုင်းတွင် မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မင်းဘူးခရိုင်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ပါတီဝင်အင်အားစိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်နှင့် မြို့နယ်အဆင့် ပါတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အလားတူ ယနေ့ နံနက်ပိုင်းတွင် အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သရက်ခရိုင်နှင့် အောင်လံခရိုင်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပါတီဝင်အင်အားစိစစ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ (စ) အရ မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို လည်းကောင်း စည်းရုံးရမည်ဖြစ်ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃ (က) အရ မိမိတို့ပါတီ စည်းရုံးရရှိထားသည့် သတ်မှတ်ပါတီဝင်ဦးရေ ပြည့်မီသော အင်အားစာရင်းကို မြို့နယ်အလိုက် စုစည်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (ဇ) နှစ်စုံဖြင့် ပြုစုတင်ပြရေး၊ နိုင်ငံရေးပါတီများမှတင်ပြထားသည့် သတ်မှတ်ပါတီဝင် အင်အားစာရင်းများ မှန်ကန်မှုရှိ/မရှိ သတ်မှတ်ကာလအတွင်း ဆောင်ရွက်မည်ဖြစ်သဖြင့် သက်ဆိုင်ရာ ပါတီအသီးသီး၏ မြို့နယ်တာဝန်ခံများက ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ရာ တက်ရောက်လာသူများက အပြန်အလှန်ဆွေးနွေးဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပမည့် (၁၉)ကြိမ်မြောက် အားကစားပြိုင်ပွဲ နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၁**

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ စက်တင်ဘာ ၂၃ ရက်မှစတင်ကာ အောက်တိုဘာ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း အဓိကမီဒီယာစင်တာ (Main Media Centre-MMC) မှ ဒုတိယညွှန်ကြားရေးမှူး မစ္စတာဟူဘင်က ပြောသည်။



ဟန်ကျိုးမြို့ Main Media Centre အတွင်းမှ နိုင်ငံတကာ မီဒီယာသမားများ။

"ကျွန်တော်တို့အနေနဲ့ အာရှအားကစားပြိုင်ပွဲကြီးအတွက် အားကစားကွင်းပေါင်း ၅၆ ကွင်း ပြင်ဆင်ထားပါတယ်။ ဒီအထဲမှာ ၃၁ ကွင်းကတော့ လေ့ကျင့်ရေးကွင်းတွေ ဖြစ်ပါတယ်" ဟု မစ္စတာဟူဘင်က ပြောသည်။ အဆိုပါ အာရှအားကစားပြိုင်ပွဲသို့ နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အားကစားသမားများ လာရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ရွှေတံဆိပ်ဆုပေါင်း ၄၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ အားကစားကွင်းများကို အားကစားပြိုင်ပွဲပြီးနောက် စီးပွားရေးဆိုင်ရာအဆောက်အအုံများ၊ အစည်းအဝေးခန်းများ၊ မင်္ဂလာခန်းမများအပြင် ဟန်ကျိုးမြို့နေ ပြည်သူများအတွက် အားကစားလေ့ကျင့်ရေး နေရာများအဖြစ် ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဟန်ကျိုးမြို့သည် ၁၉၉၀ ပြည့်နှစ် ပေကျင်းအားကစားပြိုင်ပွဲ၊ ၂၀၁၀ ကွမ်ကျိုးမြို့ အားကစားပြိုင်ပွဲတို့ပြီးလျှင် တတိယအကြိမ်မြောက်အဖြစ် အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်မြို့ ဖြစ်သည်။

၂၀၀၈ ပေကျင်းအိုလံပစ်ဖွင့်ပွဲကို ကမ္ဘာက အံ့သြခဲ့ရပြီးနောက် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးကိုလည်း အကောင်းဆုံးအိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း၊ အာရှအားကစားပြိုင်ပွဲအပြီးတွင် မသန်စွမ်း အားကစားပြိုင်ပွဲကိုလည်း အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဟန်ကျိုးမြို့သည် သမိုင်းဆိုင်ရာ အမွေအနှစ်များ၊ သဘာဝစီးပွားရေးလုပ်ငန်းများ၊ တီထွင်ဆန်းသစ်မှုများနှင့် ပြည့်နှက်နေသောမြို့ဖြစ်ပြီး လူဦးရေ ၁၁ သန်းကျော် နေထိုင်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံရှိ လက်ဖက်အထွက်ဆုံးမြို့ကြီး ၁၀ မြို့အနက် ဟန်ကျိုးမြို့သည် နံပါတ်တစ် နေရာကို ရယူထားကြောင်း သိရသည်။ **မြင့်မောင်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ပျံချီကျေးရွာအုပ်စု ပျံချီကျေးရွာရှိ Golden Sunland ဆန်စက် တည်ဆောက်နေမှု အခြေအနေ သွားရောက် ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံက လက်ရှိစက်ရုံ တည်ဆောက်နေမှု အခြေအနေများ၊ စက်ရုံအနီးရှိ တောင်သူများနှင့် Contract Farming ဆောင်ရွက်နေမှု၊ စပါးခွံ လောင်စာအား Gasifier စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး တပ်ဆင်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ယာပုံ)**



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စိုင်ခေါင်းရိုးကျေးရွာအုပ်စု စိုင်ခေါင်းရိုးကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးစပါး ၃၁၂ ဧက စိုက်ပျိုးထားရှိသော စိုက်ကွင်းသို့သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါး စိုက်ပျိုးထုတ်လုပ်ရာတွင် ဝယ်ယူ၊ ကြိတ်ခွဲတင်ပို့သူ အစုအဖွဲ့ဖြင့် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၃-၂၀၂၄ ခုနှစ် လယ်ဝေးမြို့နယ်အတွင်း မိုးသီးနှံများစိုက်ပျိုးပြီးစီးမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၊ စိုက်ပျိုးရေ ပေးဝေနေမှုများကို ရှင်းလင်းတင်ပြပြီး ဒေသခံ တောင်သူများက စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ ဓာတ်မြေဩဇာရရှိရေး၊ မျိုးကောင်းမျိုးသန့်စပါးများ ရရှိရေးတို့ကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှုဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ကုန်ထုတ်လုပ်ငန်း တိုးမြှင့်ရေး လုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို စံပြဖြစ်စေရေးနှင့် ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်စေရေး၊ Clean City၊ Green City၊ Smart City ဖြစ်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် သဘာဝအရင်းမြစ်များ ပေါကြွယ်ပြည့်ဝသည့်နေရာ တစ်ခုဖြစ်သဖြင့် အကျိုးရှိစွာ အသုံးချရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းများ ရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပြန်လည် ရှင်းလင်းဖြေကြားပေးကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်ကြီးအား သွားရောက်ဖူးမြော်၍ စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကာ ပရိဝုဏ်အတွင်းရှိ မင်္ဂလာကန်တော်အတွင်းမှ ငါးများအား ငါးစာကျွေး ကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# တာဝန်ယူမှု တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ပေါက်လာရေးအတွက် ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ဘားအံ စက်တင်ဘာ ၂၁

**ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီခန့်က ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃) ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိတို့ ပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းပေါ်တွင် ကုန်သွယ်မှု အားကောင်းသော ဒေသဖြစ်ကာ နိုင်ငံခြားငွေ သုံးစွဲမှုလျော့နည်းစေရန်အတွက် သွင်းကုန်အစားထိုး ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့် စက်မှုလုပ်ငန်းများအား အာပေး မြှင့်တင်သွားရန်လိုကြောင်း၊ ဒေသတစ်ခု ထုတ်ကုန် တစ်ခု ထွက်ပေါ်လာစေရန် ဆောင်ရွက်လျက် ရှိသကဲ့သို့ ထုတ်လုပ်မှုကွင်းဆက် တစ်ခုလုံး ပြည်နယ်အတွင်း တည်ရှိနိုင်ရေး ပံ့ပိုးပေးရန်လိုကြောင်း၊ ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတို့၏ လူနေမှုဘဝ မြှင့်မားရေးအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပေါ်ပေါက်လာရေးအတွက် ကော်မတီအဖွဲ့ဝင်များမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် UHM Develop-ment Co.,Ltd မှ အဆင့်မြင့် ဈေးဝယ်စင်တာ တည်ဆောက်ခြင်း လုပ်ငန်းနှင့် လုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်းအတွက် အဆိုပြု တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ညီနောင်ဦး ကုမ္ပဏီလီမိတက်မှ မြဝတီစီးပွားရေးဇုန်အတွက် တတိယအကြိမ် မြေငှားရမ်းခ ပေးသွင်းရန်အတွက် စာချုပ်ပြင်ဆင်ချုပ်ဆိုရန် ကိစ္စနှင့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ရေးဆွဲတင်ပြရန်ကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အလားတူ ပြည်နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက် မြန်ဆန်စေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ (၇/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ခွဲကပင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဌာနဆိုင်ရာများအနေဖြင့် လုံခြုံရေး အသိ သတိရှိကြရန်၊ ရာထူး လုပ်ပိုင်ခွင့်နှင့် အာဏာအလွဲသုံးခြင်း မပြုလုပ်ကြရန်၊ မိမိလက်အောက်ရှိ ဝန်ထမ်းများ စည်းကမ်းတကျ နေထိုင်သွားလာတတ်စေရေး၊ သတင်းလုံခြုံရေး၊ စာရွက်စာတမ်းလုံခြုံရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်၊ အရည်အသွေးမြှင့်တင်ရေး စနစ်တကျ လေ့ကျင့်ဆောင်ရွက်ပေးရန်၊ စားသုံးဆီ ဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ ဆီထွက်သီးနှံများကို ယခုထက် ပိုမိုတိုးတက်စိုက်ပျိုးဆောင်ရွက်နိုင်ရေး အထွက်ကောင်းမျိုး၊ စိုက်ပျိုးရေနှင့် မြေဩဇာရရှိနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ဌာနများ၏ ကိန်းဂဏန်း အချက်အလက်များ ဖောင်းပွမှုမရှိစေဘဲ မှန်ကန်တိကျမှုရှိစေရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသော ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများက တင်ပြဆွေးနွေးချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဥာဏ ဦးဆောင်ပြီး ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သက်ညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်စိုးလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ် (သာယာဝတီ) မှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စက်တင်ဘာ ၂၁ ရက်က သာယာဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။

ခရိုင်(ပြန်/ဆက်)



ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ အသက် (၉) နှစ် ပြည့်ပြီး (၁၂) နှစ် မကျော်သည့် မိန်းကလေးများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၂၁ ရက်က ကျောင်းသူတစ်ဦး ကာကွယ်ဆေးထိုးနှံနေစဉ်။

သက်လွင်စိုး (ပြန်/ဆက်)

# အတိတ်ကိုသင်ခန်းစာယူ သတင်းမှားတို့ကို ပြန်လည်သုံးသပ်ရင်း အနာဂတ်ကိုဖော်ဆောင်ရမည်

မင်းသော်

မိမိတို့နိုင်ငံသည် လက်ရှိတွင် အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေကြရပြီး နိုင်ငံတော်၏ ကိစ္စအဝဝကို အိမ်စောင့်အစိုးရတစ်ရပ်ဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဦးဆောင်လျက်ရှိသည်။ မကြာသေးသည့် အတိတ်ကို ပြန်လည်သုံးသပ်ရလျှင် လက်ရှိကာလကို အစပျိုးခဲ့သည့် အရင်းအမြစ်ပြဿနာမှာ ၂၀၂၀ ရွေးကောက်ပွဲရလဒ်၌ မဲဆန္ဒပေါင်း ၃၈ သန်းကျော်အနက် ၁၀ သန်းကျော်သည် ကြီးမားသည့် မဲမှားယွင်းမှုဖြစ်ခဲ့ပြီး မှတ်ပုံတင်မပါရှိသည့် မဲဆန္ဒပေါင်း လေးသန်းအထိ ရှိခဲ့ခြင်းမှ အစပြုခဲ့သည်။ မဲမသမာမှုများကို မသိကျိုးကျွန်ပြုကာ မိမိတို့ပါတီ အနိုင်ရရှိရေးကိုသာ တရားမဲ့လုပ်ဆောင်ခဲ့ကြသူများကြောင့်ပင် မြန်မာ့တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အား ကာကွယ်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းကာ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ တစိုက်မတ်မတ် အကောင်အထည်ဖော်နေရခြင်းဖြစ်ပါသည်။

> ❖ အကြမ်းဖက်မှုတို့ကို ပြည်သူ၊ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများ လက်တွဲညီစွာဖြင့် တွန်းလှန်တိုက်ဖျက်ခြင်းကြောင့် အဖျက်အင်အားစုများ၏ တိုင်းပြည်ပျက်စီးအောင် ကြိုးပမ်းနေခြင်းတို့မှာ အရာမထင်ဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပင် တိုးတက်ဆောင်ရွက်လာနိုင်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း အဖျက်အမှောင့် လုပ်ငန်း အကြွင်းအကျန်များနှင့် တိုင်းပြည်တည်ဆောက်ရန် အခက်အခဲအချို့ကို ထည့်သွင်းစဉ်းစား၍ အခြေအနေမှန်ကို ပြည်သူများ သိရှိနားလည်ခြင်းမှသည် ပူးပေါင်းပါဝင်လာကြရန်လည်း လိုအပ်လျက်ရှိသည်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ထိန်းသိမ်းကာကွယ်တည်ဆောက် အကောင်အထည်ဖော်ရာတွင် နိုင်ငံသားများဖြစ်သည့် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအားလုံး၏ ပူးပေါင်းပါဝင်မှုသည် အဓိကကျပြီး အားလုံးပူးပေါင်းပါဝင်မှသာ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုကို အလျင်မြန်ဆုံး ရရှိနိုင်မည်ဖြစ်ပါသည်။ လက်ရှိတွင် ပြည်တွင်း၊ ပြည်ပ ထိုးနှက်တိုက်ခိုက်မှုများဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးအရ ဖိနှိပ်ခြင်း၊ သံတမန်ရေးအရ ပစ်ပယ်ခြင်း၊ တည်ဆဲအစိုးရအား ဆန့်ကျင်နေသူများကို စစ်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးခြင်း၊ လေလှိုင်းအစိုးရတည်ထောင်၍ အဖျက်လုပ်ငန်းများ လုပ်ဆောင်ခြင်း စသည့်နည်းလမ်းမျိုးစုံတို့ဖြင့် နိုင်ငံတော်အာဏာကို တွန်းလှန်ဖြိုဖျက်ရန် ကြိုးစားနေကြသည်။

**အကြမ်းဖက်မှုတို့ကို ပြည်သူ၊ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများ လက်တွဲညီစွာဖြင့် တွန်းလှန်တိုက်ဖျက်ခြင်းကြောင့် အဖျက်အင်အားစုများ၏ တိုင်းပြည်ပျက်စီးအောင် ကြိုးပမ်းနေခြင်းတို့မှာ အရာမထင်ဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပင် တိုးတက်ဆောင်ရွက်လာနိုင်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း အဖျက်အမှောင့်လုပ်ငန်း အကြွင်းအကျန်များနှင့် တိုင်းပြည်တည်ဆောက်ရန် အခက်အခဲအချို့ကို ထည့်သွင်းစဉ်းစား၍ အခြေအနေမှန်ကို ပြည်သူများသိရှိနားလည်ခြင်းမှသည် ပူးပေါင်းပါဝင်လာကြရန်လည်း လိုအပ်လျက်ရှိသည်။**

ဒီမိုကရေစီအမည်ခံ၍ အပြစ်မဲ့ပြည်သူများနှင့် အများနှင့်ဆိုင်သော လမ်းတံတားများ၊ အဆောက်အအုံများ ဖျက်ဆီးခြင်း၊ ဘာသာနှင့် သာသနာတော်အပေါ် ခုတုံးလုပ်အပြစ်ရှာ၍ ညှိုးနွမ်းအောင် လုပ်ဆောင်ခြင်း၊ ရဟန်း၊ သံဃာတော်များနှင့် သီလရှင်များအပြင် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအား အကြမ်းဖက်သတ်ဖြတ်ခြင်း၊ ကျောင်းသားကျောင်းသူများ ပညာသင်ခွင့်မရအောင် ကြံဆောင်ခြင်းများနှင့် အကြမ်းဖက်လူသတ်လုပ်ရပ်များမှာ နိုင်ငံတော်အနာဂတ် ပျက်စီးစေကြောင်းကို နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြည်သူအားလုံး သဘောပေါက်နားလည်စေရန်လည်း တစိုက်မတ်မတ် ကြိုးပမ်းကြရမည် ဖြစ်ပါသည်။

## သတင်းများကိုချင့်ယုံ

မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက "မြန်မာအစိုးရသည် ရခိုင်ပြည်နယ်သို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးခြင်းကို ရပ်တန့်လိုက်သည့်အတွက် မုန်တိုင်းဒဏ်သင့်ဒေသများသို့ ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ခြင်းကို ပြတ်တောက်စေခဲ့သည်" ဟုပြောကြားခဲ့သည်။ အမှန်မှာ မုန်တိုင်းဒဏ်သင့်ရခိုင်ပြည်နယ်သို့ ကူညီထောက်ပံ့မှုများကို အချိန်မဆိုင်းစတင်ခဲ့ပြီး တပ်မတော်နှင့် အစိုးရက ကူညီမှုများကို ယနေ့တိုင် ပေးအပ်နေဆဲဖြစ်သည်။ သို့သော် နိုင်ငံတကာတွင် သတင်းအမှန်တို့ထက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ သတင်းအမှားတို့ကသာ ကြီးစိုးထားသည်။

ထို့အတူ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးက "မြန်မာနိုင်ငံသည် အာဆီယံဘုံသဘောတူညီချက် (၅) ရပ်ကို သိသာစွာ အကောင်အထည်ဖော်နိုင်ခြင်း မရှိသည့်အတွက် မြန်မာနိုင်ငံသည် အာဆီယံထိပ်သီးအစည်းအဝေး သို့မဟုတ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် အချိန်စောသေးသည်"ဟု မှတ်ချက်ပြုခဲ့ဖူးသလို၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန် (Antony Blinken) ကလည်း "ဤရွေးကောက်ပွဲသည် ထောက်ထားငဲ့ကွက်ပေးခြင်း ရှိသော်လည်း ကိုယ်စားပြုနိုင်ခြင်း မရှိသည့်အတွက် မြန်မာနိုင်ငံ၏ အဓိကပါတီအားလုံးသည် (မြန်မာ့တပ်မတော်၏) ရွေးကောက်ပွဲကို ငြင်းဆန်ကြလိမ့်မည်။ ထို့အပြင် ကြီးမားသော သွေးထွက်သံယိုမှုများကိုလည်း ဖြစ်ပေါ်စေလိမ့်မည်"ဟု ပြောကြားခဲ့ခြင်းတို့မှာ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေကို မသိရှိဘဲ သတင်းအတု၊ သတင်းအမှားများကို အခြေခံ၍ မှားယွင်းသော ကောက်ချက်များသာဖြစ်နေပါသည်။

ပြည်ပအင်အားစုများသည် လူမှုကွန်ရက်များကို ထိန်းချုပ်ထားကြပြီး နိုင်ငံတော်၏ တရားဝင်သတင်းစာမျက်နှာများကို ပိတ်ဆို့ကာ နိုင်ငံတော်၏ တံဆိပ်၊ လိုဂိုများကို ပေါ်ပေါ်တင်တင် ကူးယူအသုံးပြုကြပြီး သတင်းတု၊ သတင်းမှားများဖြန့်ဝေကြရင်း အစိုးရနှင့် ပြည်သူအကြား အတိုက်အခံစိတ်များ ဖြစ်ပေါ်လာအောင် သွေးထိုးမှုကြောင့်ပင် ပြည်တွင်းနိုင်ငံရေး မတည်မငြိမ်ဖြစ်ခဲ့ရသည်။ အရေးပေါ်ကာလအစပိုင်းတို့တွင် အကြီးအကျယ်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သော်လည်း နှစ်လအကြာတွင် လျော့နည်းလာကာ ခြောက်လအကြာတွင် ပုံမှန်အားဖြင့် တည်ငြိမ်မှုရှိလာသော်လည်း နေ့ထူးနေ့မြတ်နှင့် အထိမ်းအမှတ်နေ့များတွင် သွေးထိုးလှုံ့ဆော်သူများကို တစ်ခါတစ်ခါ ပြန်လည်မြင်တွေ့ရတတ်သည်။

## ပြည်သူကို အဆိပ်ခတ်ကြသူများ

ထို့အတူ နေ့စဉ်နှင့်အမျှ တပ်မတော်ကို မည်သို့မည်ပုံတိုက်ခိုက်အနိုင်ရရှိခဲ့သည်ဟူသည့် မဟုတ်မမှန်သတင်းများ၊ မြို့ရွာများကို သိမ်းပိုက်လိုက်နိုင်သည်ဟူသည့် သတင်းတုများကို ထုတ်လွှင့်လျက်ရှိသည့်အပြင် တပ်မတော်သားများ မည်ရွေ့မည်မျှ သေကျေပျက်စီးကြရသည်ဟူသည့် သတင်းမှားများကိုလည်း လူမှုကွန်ရက်တို့တွင် မြင်တွေ့ရသည်။ အကြမ်းဖက်အဖွဲ့များက ပိုမိုများပြားသောနယ်မြေများကို ထိန်းချုပ်ထားနိုင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြို့နယ် ၃၃၀ တွင် ၇၂ မြို့နယ်ကိုသာ ထိန်းချုပ်ထားနိုင်ကြောင်းသတင်းမှားများကို မပြတ်ထုတ်ပြန်လျက်ရှိပြီး ပြည်သူလူထု၏ စိတ်တွင်းမှ တပ်မတော်၏အနေအထားကို ယိမ်းယိုင်စေရန် ကြံရွယ်နေသည်ကိုလည်း မြင်တွေ့ရသည်။

"လူသားချင်းစာနာမှုအကူအညီ"ကို ဗန်းပြ၍ မြန်မာ့တပ်မတော်ကို စုံစမ်းစစ်ဆေးပြီး သက်သေခံစုဆောင်းရန် ထောက်ခံအားပေးခဲ့ကြသည်ကိုလည်း မြင်တွေ့ရသည်။ ၂၀၂၂ ခုနှစ် နှစ်စပိုင်းမှ ယနေ့အထိ USAID, NED, NDI တို့သည် NGO နှင့် NUG အဖွဲ့များနှင့်ပူးပေါင်းပြီး အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံ၍ ထိုင်းနိုင်ငံတွင် စီမံရေးရုံးတည်ထောင်ပြီး Server တပ်ဆင်ကာ ပြည်တွင်းရှိ ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် မြန်မာ့တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်သော သက်သေများကို နည်းလမ်းမျိုးစုံဖြင့် ရယူစုဆောင်းလျက်ရှိသည်။ (မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် သဘောကျဆောင်ရွက်ပေးနိုင်ရန် ကလေးသူငယ်ဆိုင်ရာအခွင့်အရေးကိစ္စကို စုဆောင်းပေါင်းထည့်ထားသည်။)

USAID သည် တရားမဝင်ဖွဲ့စည်းထားသည့် လေလှိုင်းအစိုးရ NUG ၏ ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ရန်ကုန်အွန်လိုင်းဆေးကုသရေးအဖွဲ့သို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၈ သန်း ထောက်ပံ့ပေးခဲ့သည်။ "ပဋိပက္ခဖြစ်ပွားနေသော ဒေသများသို့ အရေးပေါ်ဆေးဝါးများ ထောက်ကူပေးခြင်း"ဟု အမည်ခံထားသော်လည်း လက်တွေ့တွင် မည်သည့်ပြည်သူများကိုမျှ ကုသမှုမပေး၊ ဆေးတစ်လုံးပင် မဖြန့်ဝေနိုင်ဘဲ တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပိုမိုကျယ်ပြန့်စွာ စုံစမ်းစစ်ဆေးမှတ်တမ်းတင်နိုင်ရန်အတွက် ထောက်ပံ့ပေးခြင်း သက်သက်သာဖြစ်ကြောင်းကို နိုင်ငံတကာအသိုင်းအဝိုင်းက သိပါလေစ . . .။

**ပြည်ပနိုင်ငံများသည် ကာလရှည်ကြာစွာကပင် ငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေးခြင်းဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (Civil Society) ကဲ့သို့သော တရားမဝင်အဖွဲ့အစည်း ရာပေါင်းများစွာကို မွေးထုတ်ပျိုးထောင်ခဲ့ပြီး သတင်းစုံစမ်းခြင်း၊ အစိုးရကို ဝေဖန်အပြစ်တင်ခြင်း၊ ဝါဒဖြန့်ခြင်းနှင့် ယဉ်ကျေးမှုနှင့် ဘာသာ သာသနာဖျက်ဆီးခြင်း စသည့် စွမ်းရည်များကို အထူးသင်ကြားပေးခဲ့သည့်အပြင် NLD အစိုးရလက်ထက် အကြံပေးအရာရှိများမှတစ်ဆင့် အစိုးရ၏ဝါဒပေါ်လစီများနှင့် လျှို့ဝှက်ချက်များကို ဝင်ရောက်စွက်ဖက်ခြင်း၊ ရှောင်တာနယ် (SeanTurnell) အပါအဝင် Evan Gershkovich စသည့် ပြည်တွင်းရှိ အနောက်တိုင်းအရာရှိများသည် နိုင်ငံတော်လျှို့ဝှက်ချက်များကို ကာလရှည်ကြာစွာ စုံစမ်းထောက်လှမ်းခဲ့ကြလျက် အစိုးရဆောင်ရွက်လျက်ရှိသော လုပ်ငန်းကြီးများကို ဆန္ဒပြခြင်း စသည့်အတိုက်အခံလှုပ်ရှားမှုများကိုလည်း ဆောင်ရွက်စေခဲ့ကြောင်းကို ထည့်သွင်းသတိပြုရန် လိုအပ်ပါသည်။**

လက်ရှိကာလသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်ဖြစ်ရာ သတင်းအချက်အလက်အမှန်ရရှိရေးသည် အလွန်အရေးကြီးပြီး အခြေအနေမှန်ကို သုံးသပ်နိုင်မှသာ တိုင်းပြည်အတွက် ဖြည့်ဆည်းနိုင်ကြမည်ဖြစ်ရာ မိမိတို့ပြည်သူအားလုံးကလည်း သတင်းအမှားများကို ဖယ်ရှား၍ မှန်ကန်သည့်အသိအမြင်တို့ကို ရရှိပိုင်ဆိုင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ရာ၌ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်ပါစေကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

> " ပြည်ပနိုင်ငံများသည် ကာလရှည်ကြာစွာကပင် ငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေးခြင်းဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (Civil Society) ကဲ့သို့သော တရားမဝင်အဖွဲ့အစည်း ရာပေါင်းများစွာကို မွေးထုတ်ပျိုးထောင်ခဲ့ပြီး သတင်းစုံစမ်းခြင်း၊ အစိုးရကို ဝေဖန်အပြစ်တင်ခြင်း၊ ဝါဒဖြန့်ခြင်းနှင့် ယဉ်ကျေးမှုနှင့် ဘာသာသာသနာဖျက်ဆီးခြင်း စသည့် စွမ်းရည်များကို အထူးသင်ကြားပေးခဲ့သည့်အပြင် NLD အစိုးရလက်ထက် အကြံပေးအရာရှိများမှတစ်ဆင့် အစိုးရ၏ ဝါဒပေါ်လစီများနှင့် လျှို့ဝှက်ချက်များကို ဝင်ရောက်စွက်ဖက်ခြင်း၊ ရှောင်တာနယ် (SeanTurnell) အပါအဝင် Evan Gershkovich စသည့် ပြည်တွင်းရှိ အနောက်တိုင်းအရာရှိများသည် နိုင်ငံတော်လျှို့ဝှက်ချက်များကို ကာလရှည်ကြာစွာ စုံစမ်းထောက်လှမ်းခဲ့ကြလျက် အစိုးရဆောင်ရွက်လျက်ရှိသော လုပ်ငန်းကြီးများကို ဆန္ဒပြခြင်း စသည့် အတိုက်အခံလှုပ်ရှားမှုများကိုလည်း ဆောင်ရွက်စေခဲ့ကြောင်းကို ထည့်သွင်းသတိပြုရန် လိုအပ်ပါသည် "

# လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

**နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**



## စဉ့်ကိုင်

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (စဉ့်ကိုင်) ၌ စက်တင်ဘာ ၁၈ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းတွင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက အမှာစကားပြောကြားပြီး ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ Grade 9 နှင့် 10 မှ ကျောင်းသား ကျောင်းသူများက အဂတိလိုက်စားမှု တိုက်ဖျက်ဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် ဝတ်စားဆင်ယင်မှု၊ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတ/ရသ စာအုပ်များကိုလည်း ခင်းကျင်းပြသသည်။

**မြို့နယ် (ပြန်/ဆက်)**



## နမ္မတူ

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၌ စက်တင်ဘာ ၁၈ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမျိုးဆောင်းကျော်တို့က အမှာစကားပြောကြားပြီး မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်ရွှေမာက အားကစားဆိုင်ရာများကို ဟောပြောသည်။ ထို့နောက် လူငယ်စကားဝိုင်းတွင် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးပြီး အခြားကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

**လှုမော် (ပြန်/ဆက်)**



## လှိုင်းဘွဲ့

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းဝတ်မှုံခန်းမ၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းတွင် ဒုတိယမြို့နယ် ပညာရေးမှူး ဦးကြည်ဇင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောသော်တာလင်းသန့်က အမှာစကားပြောကြားပြီး ဦးဆောင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် ကြီးပွားရေး၊ လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့ကို ဆွေးနွေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပင်လောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဝါးလီ ကျောင်းခန်းမ၌ စက်တင်ဘာ ၂၀ ရက်က ပြုလုပ်သည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဇာဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခွန်ရဲမင်းပိုင်က လူငယ်နှင့် ရည်မှန်းချက်၊ ကျေးလက်ကျန်းမာရေးဌာနမှူး ဦးဝေလျံထက်က မူးယစ်ဆေးဝါး၊ ဆေးလိပ်အန္တရာယ်၊ လူငယ်၊ လူရွယ်များ ကျန်းမာရေးဆိုင်ရာနှင့် ပတ်သက်သည့်အကြောင်းများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူးဒေါ်ဇင်မာခိုင်က လူငယ်နှင့် အားကစား၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနိုင်က မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းလင်းက လူငယ်များ ဗလငါးတန်ပြည့်စုံရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းများကို ဟောပြောကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## မိုင်းဆတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် သဗ္ဗညုမုလွန် ဘုန်းတော်ကြီး သင်ပညာရေးကျောင်း၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပသည့် လူငယ်ရေးရာဟောပြောပွဲတွင် ခရိုင်ပြန်/ဆက်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်က လူငယ်နှင့် မူးယစ်ဆေးဝါး၊ ဦးစီးအရာရှိ ဦးလင်းထင်ကျော်က လူငယ်နှင့် ဘဝရှေ့ရေးခေါင်းစဉ်များနှင့် အတူ စာပေချစ်မြတ်နိုးသူများအသင်းဝင်များ၊ လူငယ်အသင်းဝင်များက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ဘဝရည်မှန်းချက်၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ကလေး အလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ် စာစောင်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဆိုးကျိုး အသိပညာပေး နံရံကပ်စာစောင်များကိုလည်း ခင်းကျင်းပြသသည်။

**မြင့်မောင်(မိုင်းဆတ်)**

# ငါးသလောက်ငါးများ သားပေါက်ရာသီချိန်တွင် ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် ပညာပေးနှိုးဆော်ချက်

မိုးနှောင်းရာသီ စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလများတွင် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ဥများဖြင့် ပြည့်ဝနေသော ငါးသလောက်ကြီးများသည် ဥချသားပေါက်ရန်အတွက် ဧရာဝတီမြစ်လက်တက်အတွင်းရှိ ရေချိုရေငန်စပ်နှင့် ရေချိုမြစ်ချောင်းများ အတွင်းသို့ စတင်ဝင်ရောက်လာပြီဖြစ်ပါသဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရပ်ကွက်၊ ကျေးရွာများမှ ရေလုပ်သားများ၊ ငါးဒိုင်များနှင့် အများပြည်သူများသိရှိစေရန် ပညာပေးနှိုးဆော်အပ်ပါသည်။

အဆိုပါ ငါးသလောက်ငါးမျိုးသည် ဆယ်လမွန်ငါးကဲ့သို့ ပင်လယ်တွင်နေထိုင်ပြီး သားပေါက်ရန်အတွက် ရေချိုဒေသသို့ ပြန်လာသည့် (Anadromous) ငါးမျိုးစိတ်ဖြစ်သည်။ ငါးသလောက်သည် ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၁ နိုင်ငံတွင်သာ တွေ့ရှိရပြီး အဓိက ဖမ်းဆီးရသည်မှာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံ သုံးနိုင်ငံတွင်သာ အများဆုံးဖမ်းဆီးရမိသည်။

ငါးလုပ်ငန်းဦးစီးဌာနက ငါးသလောက်ငါးမျိုးများ ထိန်းသိမ်းရေးနှင့် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၁၁-၁-၂၀၂၂ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသလောက်သားပေါက်သည့်နေရာ ၁၁ ခုအား တစ်နှစ်ပတ်လုံး ငါးဖမ်းဆီးခြင်းမပြုရန်၊ ဘေးမဲ့ဇရိယာအဖြစ်သတ်မှတ်ရန်၊ ဥဆောင် ငါးသလောက်များ ရွှေ့ပြောင်းသွားလာရာ လမ်းကြောင်းအား ရာသီအလိုက်ပိတ်ပင်ရန်အတွက် တိုးမြစ်ကြောင်း၊ ဘိုကလေးမြစ်ကြောင်း၊ ပြန်မလေ့မြစ်ကြောင်းနှင့် ရွှေးမြစ်ကြောင်းတို့အား ရာသီအလိုက် ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် သတ်မှတ်ထားသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၂-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၂) ဖြင့် ငါးသလောက်သားပေါက်များ ရှင်သန်ကြီးထွားစေရန် ဇရိယာ ၁၁ နေရာအား ဘေးမဲ့ဇုန်အဖြစ် သတ်မှတ်ပြီး မည်သည့်ငါးမျိုးမှ ဖမ်းဆီးခြင်းမပြုရန် တားဖြစ်ထားပါသည်။ တားမြစ်ဇရိယာ ၁၁ ဇုန်မှာ မအူပင်မြို့နယ် ပန်းလှိုင်ချောင်းဝ ဘေးမဲ့ဇုန်၊ ငါးဖယ်အိုသောင်ဘေးမဲ့ဇုန်၊ တလုပ်လှအရှေ့သောင်၊ ပန်းတနော်မြို့နယ် အထက်ကဇင်းတောသောင်၊ ညောင်တုန်းမြို့နယ် ဝဲကြီးသောင်၊ ဓနုဖြူမြို့နယ် ဇကာကြီးသောင်၊ ဇလွန်မြို့နယ် နန်းတော်ကျွန်းသောင်၊ ဟင်္သာတမြို့နယ် ဖောင်ဆိပ်သောင်၊ အင်္ဂပူမြို့နယ် ပြည်သိန်းတန်သောင်၊ ငါးသိုင်းချောင်းမြို့နယ် လေ့တင်သောင်၊ သာပေါင်းမြို့နယ် ကြာကန်သောင်ဘေးမဲ့ဇုန် ၁၁ ခု သတ်မှတ်ထားသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၂-၃-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၂) ဖြင့် တိုးမြစ်ကြောင်း၊ ဘိုကလေး-ရာဇူတိုင်မြစ်-ဧရာဝတီမြစ်ကြောင်း၊ ရွှေးမြစ်ကြောင်းနှင့် ပြန်မလေ့မြစ်ကြောင်း လေးခုကို ငါးသလောက်ငါးမျိုး ထိန်းသိမ်းရေးဇရိယာအဖြစ် သတ်မှတ်ပြီး ငါးသလောက်များ ဥချသားပေါက်ရန် ရေချိုသို့ တက်ရောက်လာသည့် နှစ်စဉ်စက်တင်ဘာလ ၁၅ ရက်နေ့မှ အောက်တိုဘာလ ၁၅ ရက်နေ့အထိ ငါးသလောက်ဖမ်းဆီးခြင်း မပြုရန် ပိတ်ပင်တားမြစ်ထားသည်။

သို့ဖြစ်ပါ၍ ပင်လယ်ပြင်မှ ဥချသားပေါက်ရန် တက်ရောက်လာသော ငါးသလောက်ငါးမျိုးများကို တားမြစ်ထားသော မြစ်ကြောင်းလေးကြောင်းတွင် စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၅ ရက်အတွင်း ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ ထို့အပြင် ပေါက်ပွားလာသော ငါးသလောက်သားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် တားမြစ်ထားသော ဘေးမဲ့ဇရိယာ ၁၁ နေရာတွင်လည်း မည်သည့်ငါးမျိုးမှ ဖမ်းဆီးခြင်း မပြုလုပ်ကြရန် နှိုးဆော်အပ်ပါကြောင်းနှင့် ၂၀၁၈ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ (၄၇) အရ တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊ တားမြစ်ထားသော ငါးမျိုးငါးအရွယ်အစားကို ဖမ်းခြင်း၊ တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်းမပြုလုပ်ရန် တားဖြစ်ထားပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက ယင်းဥပဒေပုဒ်မ (၆၂) အရ ထောင်ဒဏ် နှစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀၀/- ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ကို ဖော်ပြပါရှိပါကြောင်း အများပြည်သူ သိရှိလိုက်နာကြစေရန် အသိပေး နှိုးဆော်အပ်ပါသည်။

**မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန**
**မအူပင်မြို့**

# ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရှိရန် တာဝန်ရှိသူများအနေဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်သွားကြရန် လိုအပ်

**မုံရွာ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး (၄/၂၀၂၃)ကို စက်တင်ဘာ ၂၀ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ခန္တီးခရိုင်များ၊ စစ်ကိုင်းခရိုင်၊ ရွေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရှိရန် လိုအပ်၍ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးစေရေးတို့ကို ခရိုင်/မြို့နယ်များတွင် အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာအသီးသီးရှိ ဝန်ထမ်းများသည် ပြည်သူများ၏ အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်၍ ပြည်သူ့အကျိုးနှင့် ပတ်သက်လာပါက မှန်မှန်ကန်ကန်ပြောဆိုဆက်ဆံကာ အကောင်အထည်ဖော်မှုများပေးသွားကြရန်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့ခရိုင်/မြို့နယ်များအတွင်း ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် စားအုန်းဆီများကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် အမှန်တကယ်စားသုံးမည့် ပြည်သူများ လက်ဝယ်အရောက် ရောင်းချပေးရေးကို တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းပြောကြားသည်။ (ဝဲပုံ)

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များအတွင်း မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မြို့သာယာလှပရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေး တင်ပြကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၁**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်း သက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကို လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူ အားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘားအံမြို့၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်

**ဘားအံ စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့၌ မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း (ဘားအံ)မှ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း အမှတ်စဉ် (၁/၂၀၂၃)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၈ ရက်က ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် အမှတ် (၃၁) မူးယစ်ရဲတပ်ဖွဲ့စု(ဘားအံ)မှ တပ်ဖွဲ့စုမှူး ရဲမှူးမျိုးသိန်းက မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံနှင့်အဝန်း ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲဖြစ်ကြောင်း၊ ယင်းအခက်အခဲကို အစိုးရနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်ကြောင်း၊ မူးယစ်ဆေးသုံးစွဲသူများကို မူးယစ်နွံအတွင်းမှ ရုန်းထွက်နိုင်ရန် ပတ်ဝန်းကျင်၊ ရပ်ရွာလူထုက ဝိုင်းဝန်းပံ့ပိုးပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသည် ကျောင်းသား လူငယ်၊ ရပ်ကွက်လူငယ်များအား မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်ကို ပညာပေးခြင်း၊ မူးယစ်ဆေးအလွဲသုံးစားမှုပြုသူ လူငယ်များစည်းရုံးဖော်ထုတ်ပြီး ဆေးကုသနိုင်ရေး ရည်ရွယ်ချက်များဖြင့် စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ သင်တန်းသား ၂၀ ဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ko Lay Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၄)ရပ်ကွက်နေ လေးဝင်းအား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Nyi Naing (nyi naing)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဇင်မင်းထွန်း(ခ) ညီနိုင်အား မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Thet Ko Ko Lin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကုန်းတန်းကျေးရွာနေ သက်ကိုကိုလင်း(ခ) ကိုသက်အား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Aung Ko Ko Hein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အောင်သာယာရပ်ကွက်နေ အောင်ကိုဟိန်း၊ “Nyinyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာနေ ညီညီလွင်နှင့် “Nyi Nyi Htwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကျိုက်မရောမြို့နယ် ကြံတောကျေးရွာနေ ညီညီထွေးတို့အား ည ၈ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အတူ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Zin Min Thant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ဇင်မင်းသန့်အား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်နှင့် “Thet Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မဟာဇေယျာဘုံရပ်ကွက်နေ သက်ဝင်းအား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Sithu Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မြို့သစ်ရပ်ကွက်နေ စည်သူအောင်(ခ)ခေါင်းဖြူအား ည ၆ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Zaw Lin Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ဇော်လင်းဦးအား ည ၉ နာရီ ၂၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗြိတိန်ဘုရင်ချားလ်၏ ပြင်သစ်နိုင်ငံခရီးစဉ် ပြန်လည်စတင်

လန်ဒန် စက်တင်ဘာ ၂၁

**ဗြိတိန်ဘုရင်ချားလ်သည် ပြင်သစ်နိုင်ငံသို့သုံးရက်ကြာ ချစ်ကြည်ရေးခရီးစတင်ခဲ့ပြီး ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နှင့်တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုထင်ရှားစေခဲ့သည်။ စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ချားလ်ဘုရင်နှင့် မိဖုရားကင်မီလာတို့အား ပြင်သစ်သမ္မတ မက်ခရွန်နှင့်ဇနီးတို့က ကြိုဆိုခဲ့ကြသည်။**

ပြီးခဲ့သည့် စက်တင်ဘာနှောင်းပိုင်း ချားလ် ဗြိတိန်ဘုရင်ဖြစ်လာပြီးသည့် အချိန်မှစတင်ကာ ပထမဦးဆုံးအကြိမ်အဖြစ် တော်ဝင်ဇနီးမောင်နှံတို့သည် ပြင်သစ်နိုင်ငံသို့ လာရောက်ခဲ့ခြင်းလည်း ဖြစ်သည်။

ယခုခရီးစဉ်ကို ကနဦးက မတ်လတွင် စတင်ရန် စီစဉ်ခဲ့သော်လည်း ပြင်သစ်သမ္မတ မက်ခရွန်၏ ပင်စင်စနစ် ပြုပြင်ပြောင်းလဲရေးအပေါ် ဆန္ဒပြမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည့်အတွက် ခရီးစဉ်ကိုရွှေ့ဆိုင်းခဲ့ရသည်။ ပြင်သစ်သမ္မတနှင့် ချားလ်ဘုရင်တို့သည် အယ်လီဇေနန်းတော်၌ တွေ့ဆုံ ခဲ့ကြသည်။

ထို့နောက် ဗြိတိန်တော်ဝင်ဇနီးမောင်နှံကို တွေ့ရန် လမ်းဘေးဝဲယာသို့ လာရောက်ကြသည့် ပြင်သစ်ပြည်သူများနှင့် တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ချားလ်ဘုရင်သည် အမျိုးသားလွှတ်တော်၌ မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်က မီးလောင်ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်ထားသည့် နော်တာဒိမ်း ဘုရားရှိခိုးကျောင်းသို့လည်း သွားရောက်မည် ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ခဲ့ပြီးနောက် ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှုများကြောင့် အိမ်နီးချင်းနှစ်နိုင်ငံဆက်ဆံရေးမှာ အေးစက်ခဲ့သည်။



မိဖုရားကင်မီလာ၊ ချားလ်ဘုရင်၊ ပြင်သစ်သမ္မတ မက်ခရွန်နှင့် ဇနီးသည် ဘရစ်ဂျစ် မက်ခရွန်တို့ကို တွေ့ရစဉ်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အပါအဝင် လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စများတွင် ပြင်သစ်နှင့်ဗြိတိန်တို့ အတူတကွ လုပ်ဆောင်လျက်ရှိကြောင်း ယခုချစ်ကြည်ရေးခရီးစဉ်က မီးမောင်းထိုးပြမည်ဟု ဗြိတိန်တော်ဝင်အိမ်တော်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်အိမ်ရှေ့မင်းသားနှင့် မင်းသမီးတို့ ဂျပန်နှင့် ဗီယက်နမ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း နှစ် (၅၀) ပြည့်အထိမ်းအမှတ်အခမ်းအနားတက်ရောက်

**တိုကျို စက်တင်ဘာ ၂၁**

ဂျပန် အိမ်ရှေ့မင်းသားနှင့် မင်းသမီး အာကီရှီနိုသည် ဗီယက်နမ်နိုင်ငံ မြို့တော် ဟနွိုင်း၌ ကျင်းပသည့် အခမ်းအနား တစ်ခုသို့ တက်ရောက်ခဲ့သည်။

အိမ်ရှေ့မင်းသား မင်းသမီး ဇနီးမောင်နှံတို့သည် ဗီယက်နမ်နိုင်ငံသို့ စက်တင်ဘာ ၂၀ ရက်က ရောက်ရှိလာခဲ့သည်။

စက်တင်ဘာ ၂၁ ရက်တွင် အိမ်ရှေ့မင်းသား မင်းသမီး ဇနီးမောင်နှံတို့သည် နှစ်နိုင်ငံ သံတမန် ဆက်ဆံရေးထူထောင်ခြင်း နှစ် (၅၀) ပြည့်အထိမ်းအမှတ် အခမ်းအနားကို အသိအမှတ်ပြု တက်ရောက်ခဲ့သည်။



ဂျပန်အိမ်ရှေ့မင်းသားနှင့် မင်းသမီး အာကီရှီနိုတို့ကို တွေ့ရစဉ်။

ဗီယက်နမ် လွတ်လပ်ရေး လှုပ်ရှားမှု ခေါင်းဆောင်များ မြှုပ်နှံထားရှိရာ ဟိုချီမင်းအာဇာနည်ဗိမာန်တွင် အိမ်ရှေ့မင်းသား မင်းသမီး ဇနီးမောင်နှံတို့သည် လွမ်းသူပန်းခွေချပြီး အလေးအမြတ်ပြုခဲ့သည်။

ထို့နောက် အိမ်ရှေ့မင်းသား မင်းသမီး ဇနီးမောင်နှံတို့သည် ဗီယက်နမ်သမ္မတရုံးသို့ သွားရောက်ခဲ့သည်။ ၎င်းတို့ကို ဒုတိယသမ္မတ ဗိုသီအန်ချွမ်းက ကြိုဆိုခဲ့သည်။

ကလေးများသည် ဂျပန်နိုင်ငံနှင့် ဗီယက်နိုင်ငံတို့၏ အလံများကို ဝှေ့ယမ်းပြခဲ့ပြီး လက်ဆောင်ပန်းစည်းများ ပေးကမ်းခဲ့သည်။

ဒုတိယသမ္မတက ဂျပန်အိမ်ရှေ့မင်းသား မင်းသမီးတို့၏ ယခုခရီးစဉ်သည် အကျိုးဖြစ်ထွန်းစေမည်ဟု မျှော်လင့်ကြောင်းနှင့် ဗီယက်နမ်နှင့် ဂျပန်နှစ်နိုင်ငံအကြား ရင်းနှီးဖော်ရွေသည့် ဆက်ဆံရေးကိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယခုလို ဖိတ်ကြားခံရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း အိမ်ရှေ့မင်းသား အာကီရှီနိုက ပြောသည်။

ထို့နောက် အိမ်ရှေ့မင်းသား မင်းသမီး ဇနီးမောင်နှံတို့သည် နိုင်ငံတော်ညှေ့ဂေဟာ၌ ကျင်းပသော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ယခုခရီးစဉ်ကို အိမ်ရှေ့မင်းသား အာကီရှီနိုက ဂျပန်နိုင်ငံနှင့် ဗီယက်နမ် နှစ်နိုင်ငံအကြား သမိုင်းတွင်စေမည့် ခရီးစဉ်ဖြစ်စေချင်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဗြိတိန်နိုင်ငံ၌ ဓာတ်ဆီနှင့် ဒီဇယ်ကားရောင်းချမှု ပိတ်ပင်မှုကို အချိန်ဆွဲသွားမည်

**လန်ဒန် စက်တင်ဘာ ၂၁**

ဗြိတိန်နိုင်ငံ၌ ဓာတ်ဆီနှင့် ဒီဇယ်ကားရောင်းချမှုပိတ်ပင်မည့် ကာလကို ၂၀၃၀ ပြည့်နှစ်မှ ၂၀၃၅ ခုနှစ်အထိ အချိန်ဆွဲထားကြောင်း ကြေညာခဲ့သည်။ ယင်းကဲ့သို့ကြေညာမှုကြောင့် ဝေဖန်မှုများစွာနှင့် ကြုံတွေ့ခဲ့ရပြီး အစိုးရသည် ၎င်းတို့ဖော်ဆောင်နေသည့် သဘာဝပတ်ဝန်းကျင်မူဝါဒကို ကျဆင်းစေသည်ဟု ထိုးနှက်ဝေဖန်ကြသည်။

**ဖြေလျှော့မှုများလုပ်ဆောင်သွားမည်**

လျှပ်စစ်ကားများအဖြစ် အသွင်ကူးပြောင်းရေးအတွက်လည်း ဖြေလျှော့မှုများ လုပ်ဆောင်သွားမည်ဟု ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက်က ပြောသည်။ ၂၀၃၅ မတိုင်မီအထိ ဓာတ်ဆီနှင့်ဒီဇယ်ကားများကို ဝယ်ယူ၍ရဦးမည်ဟု ၎င်းကဆက်ပြောသည်။

ဓာတ်ဆီကားဝယ်ယူမှုအတွက် အချိန်ပြောင်းလဲသတ်မှတ်ခြင်းမှာ အခြားသော ဥရောပနိုင်ငံများတွင် ပြုလုပ်သကဲ့သို့ပင်ဖြစ်ကာ ဗြိတိန်နိုင်ငံသည် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လုပ်မှု သုညရာခိုင်နှုန်းအထိကျဆင်းအောင် ပြုလုပ်မည်ဟူသော အစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိသည်ဟု ဝန်ကြီးချုပ်က ပြောသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ဝေဖန်**

သို့သော်လည်း ယခုကဲ့သို့ အချိန်နှောင့်နှေးခဲ့သည့်အပေါ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ဝေဖန်ကြသည်။ ကားထုတ်လုပ်သည့်ကုမ္ပဏီများသည် လျှပ်စစ်ကား ထုတ်လုပ်ရေးအတွက် အပြင်းအထန် လုပ်ဆောင်နေကြသည်။

**အင်န်အိတ်ချ်ကေ**

# နီပေါဝန်ကြီးချုပ် တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်မည်

**ခတ္တမန္ဒူ စက်တင်ဘာ ၂၁**

တရုတ်ဝန်ကြီးချုပ် လီချင်း၏ ဖိတ်ကြားချက်ဖြင့် နီပေါဝန်ကြီးချုပ် ပွတ်ရှ်ပါ ကာမယ်လ် ဒါဟယ်ပရာချန်ဒါသည် တရုတ်နိုင်ငံသို့ စက်တင်ဘာ ၂၃ ရက်မှ ၃၀ ရက်အထိ တရားဝင်ခရီးစဉ်လာရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မော်နင်က စက်တင်ဘာ ၂၁ ရက်က ကြေညာခဲ့သည်။

ပရာချန်ဒါသည် တရုတ်နိုင်ငံသို့ အကြိမ်ပေါင်းများစွာ လာရောက်ခဲ့ဖူးပြီး တရုတ်-နီပေါ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးအတွက် အရေးကြီးသော ပါဝင်မှုများကို ဆောင်ရွက်ခဲ့ကြောင်း မော်က ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် နီပေါဝန်ကြီးချုပ် ပရာချန်ဒါကို တွေ့ဆုံသွားမည်ဖြစ်ကြောင်း မော်က ပြောသည်။ တရုတ်ဝန်ကြီးချုပ် လီနှင့် ထိပ်တန်းဥပဒေပြုသူ ကျောင်လီဂျေတို့သည် နီပေါဝန်ကြီးချုပ်နှင့် သီးခြားတွေ့ဆုံမည်ဖြစ်သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ရှေးအစဉ်အဆက်ကျင့်သုံးလာသည့် ထုံးတမ်းစဉ်လာ ဆက်ဆံရေးပိုမိုနက်ရှိုင်းလာစေရန် အမြင်ချင်းဖလှယ်သွားမည်ဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများလည်း တိုးချဲ့သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် နီပေါနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးအဆင့်သစ်တစ်ခုအထိ တိုးမြှင့်လုပ်ဆောင်သွားရန်ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ ခရီးစဉ်အတွင်း ပရာချန်ဒါသည် ဟန်ကျိုး၌ကျင်းပမည့် (၁၉) ကြိမ်မြောက် အာရှအားကစားဖွင့်ပွဲသို့ တက်ရောက်မည်ဖြစ်သည်။

**ဆင်ဟွာ**



# ၂၀၂၂ ခုနှစ်အတွင်း တောင်ကိုရီးယား၌ ကင်ဆာရောဂါကြောင့် လူသေဆုံးမှုအများဆုံးဖြစ်

**ဆိုးလ် စက်တင်ဘာ ၂၁**

ကင်ဆာရောဂါမှာ ၂၀၂၂ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၌ လူသေဆုံးမှုအများဆုံးဖြစ်စေသောရောဂါဖြစ်နေဆဲဖြစ်သည်ဟု စက်တင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

၂၀၂၂ ခုနှစ်အတွင်း လူပေါင်း ၁၀၀၀၀၀ တွင် ၁၆၂ ဒသမ ၇ ဦးမှာ ကင်ဆာကြောင့် သေဆုံးရသည်။ ကင်ဆာရောဂါနှင့်ဆက်စပ်၍ သေဆုံးမှုများတွင် အဆုတ်ကင်ဆာကြောင့် သေဆုံးမှုမှာ လူ ၁၀၀၀၀၀ တွင် ၃၆ ဒသမ ၃ ဦးဖြစ်ပြီး သေဆုံးမှုအမြင့်ဆုံးဖြစ်သည်။ ယင်းနောက်တွင်မှ အသည်းကင်ဆာကြောင့် သေဆုံးမှုမှာ အများဆုံးဖြစ်သည်။ **ဆင်ဟွာ**

# ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ခံကျောင်းအုပ် ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်၏ အနာဂတ်သည် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၏ လက်ဝယ်တွင်ရှိကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် ဗလငါးတန် ပြည့်ဝရန်နှင့် အတတ်ပညာ၊ အသိပညာ ပြည့်ဝရန်လိုအပ်ကြောင်း၊ လက်ရှိတွင် ကျေးလက်နေပြည်သူများ အပါအဝင် ဒေသခံတိုင်းရင်းသားများ၏ စာတတ်မြောက်မှုနှင့် အတန်းပညာတတ်မြောက်မှု အားနည်းလာသဖြင့် ယခင်က အောင်မြင်မှုရခဲ့သည့် “အ” သုံးလုံး သင်တန်းများကဲ့သို့ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်စေရေး “ဝ၊ ထ၊ က၊ လ၊ သ” စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ပညာရေးသည် နိုင်ငံအတွက် အရေးကြီးကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ် ကလေးတိုင်း လက်လှမ်းမီ သင်ယူနိုင်ရေးအပြင် ဘက်စုံပညာရေးကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လူငယ်များအနေဖြင့် ဗလငါးတန် ပြည့်စုံရုံသာမက မျိုးချစ်စိတ်ဓာတ်ရှိပြီး မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းသည်။



ယင်းနောက် စာရေးဆရာ ရဲမွန်ကျော်က “ဗလငါးတန်ဖွံ့ဖြိုးဖို့ စာဖတ်ကြပါစို့” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ရှိသည့် အထင်ကရနေရာများကို ကျောင်းသား ကျောင်းသူ လူငယ်များ ဗဟုသုတရရှိစေရန် ‘‘လှပသာယာ ပြည်မြန်မာ’’ ရောင်စုံဓာတ်ပုံများ ခင်းကျင်းပြသခြင်း၊ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် အသိပညာပေး စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် မြားပစ်ပြိုင်ပွဲ၊ စက်ပန်းလှည့်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ကြပြီး ပျော်ရွှင်ဖွယ်ဂိမ်းများကစား၍ အနိုင်ရရှိသူများကို အမျိုးသားစာပေဆုရှင် ဆရာစိုးတင့် (ရောဝတီ) မိသားစုက လှူဒါန်းသည့် စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ပုဂ္ဂလိကကျောင်းတည်ထောင်သူများ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၁

**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ပုဂ္ဂလိကကျောင်းတည်ထောင်သူများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပုဂ္ဂလိကပညာရေးဥပဒေ လိုက်နာဆောင်ရွက်ရေးကိစ္စ၊ ပုဂ္ဂလိကကျောင်းဆိုင်ရာ နိုင်ငံခြားသားများ ပြည်တွင်းနေထိုင်ခွင့် ဗီဇာနှင့် ဗီဇာ သက်တမ်းတိုးခွင့်ကိစ္စ၊ ပုဂ္ဂလိကကျောင်းများ မှတ်ပုံတင်ရေးကိစ္စနှင့် ပုဂ္ဂလိကကျောင်းဆရာများ မှတ်ပုံတင်ရေး ကိစ္စတို့ကို အပိုင်း လေးပိုင်းခွဲ၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပုဂ္ဂလိကကျောင်းများအနေဖြင့် နေ့စဉ် နိုင်ငံတော်အလံအလေးပြုခြင်း၊ နိုင်ငံတော်သီချင်း သီဆိုခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှု မပျက်စီးစေရန်အတွက် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင်ဘာသာရပ်များကို ဥပဒေနှင့်အညီ သင်ကြားရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကအခြေခံပညာ သင်ရိုးသင်ကျောင်းများ၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းသင် အခြေခံပညာကျောင်းများ အားလုံးကျောင်းဖွင့်ရက်၊ ကျောင်းပိတ်ရက်၊ စာမေးပွဲကျင်းပရက်များသည် နိုင်ငံတော်ကဖွင့်လှစ်သည့် ကျောင်းများနှင့်တစ်ပြေးညီ တူညီရမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ အားလုံး တစ်ပြေးညီ ဝါတွင်းကာလ၌ ဥပုသ် တနင်္ဂနွေနေ့တွင် ကျောင်းပိတ်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီ ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးတို့က ဆရာဖြစ်လက်မှတ်ရရှိရေး၊ နိုင်ငံခြားသားဆရာများ ဗီဇာရရှိရေး၊ ပုဂ္ဂလိကကျောင်းများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ပုဂ္ဂလိကကျောင်းများ စိစစ်စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။



ထို့နောက် တက်ရောက်လာကြသော ပုဂ္ဂလိကကျောင်းများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကမာရွတ်မြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ် ၁၆ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသော မြို့နယ်ပညာရေးမှူးများအတွက် ပညာရေးစီမံအုပ်ချုပ်မှု သင်တန်းသို့ သွားရောက်၍ သင်တန်းသားသင်တန်းသူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး မောင်မောင်နှင့် မင်းဘူးမြို့ အမှတ် (၂) ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်းတို့ ဦးဆောင်သော ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၁ ရက် မင်းဘူးမြို့ အမှတ် (၄) ရပ်ကွက်ရှိ နမ္မဒါဘိုးဘွားရိပ်သာဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မောင်မောင်(မင်းဘူး)

✳ *ကျောဖုံးမှ*

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ပြည့်ဖြိုးသူ (ဂိုး)၊ သက်ဟိန်းစိုး၊ ဟိန်းဇေယျာလင်း၊ လတ်ဝေဘုန်း၊ ကောင်းထက်ပိုင်၊ နေမိုးနိုင်၊ ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ ခွန်ဇေယျာဟိန်း၊ ထက်ဖြိုးဝေ တို့ဖြင့် ပွဲထွက်ခဲ့သည်။ တရုတ်အသင်းအတွက် အနိုင်ဂိုးများကို ၁၅၊ ၁၉ မိနစ်တွင် တန်လောင်၊ ၂၂ မိနစ်တွင် ဇီဝမ်နှင့် ၄၄ မိနစ်တွင် ဝေကျီဒီတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အုပ်စု (က) အခြားပွဲတွင် အိန္ဒိယအသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲစီ ကစားအပြီးတွင် အိမ်ရှင်တရုတ်အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် နောက်တစ်ဆင့် တက်ရောက်သွားပြီး မြန်မာအသင်းနှင့် အိန္ဒိယအသင်းက သုံးမှတ်စီရရှိထားကာ ဘင်္ဂလားဒေ့ရှ်အသင်းမှာမူ နှစ်ပွဲစလုံး အရေးနိမ့်ပြီး အမှတ် မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၂၄ ရက်တွင် အိန္ဒိယအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ – MFF**

◆ *ကျောဖုံးမှ*

ဘိုင်ယန်မြူးနစ်အသင်း အတွက် သွင်းဂိုးများကို ဆာနေး၊ ဂနာဘရီ၊ ကိမ်းနှင့် တဲလ်တို့က သွင်းယူပေးပြီး မန်ယူအသင်းအတွက် သွင်းဂိုးများကို ဟွိုက်လန်းနှင့် ကက်စမဲရိုးတို့က သွင်းယူပေးခဲ့သည်။ အာဆင်နယ်နှင့် ပီအက်စ်ဗွီအသင်းပွဲစဉ်တွင် အာဆင်နယ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုးပြတ် အနိုင်ရရှိပြီး အဖွင့်မျက်နှာပန်းလှခဲ့သည်။ ပုံမှန်ခြေစွမ်းပြသထားနိုင်သည့် အာဆင်နယ်အသင်းသည် ယခုပွဲစဉ်တွင်လည်း ခံစစ်၊ ကွင်းလယ်နှင့် တိုက်စစ်ကို အချိတ်အဆက်မိမိ ကစားနိုင်ခဲ့ပြီး လိုအပ်သည့် သွင်းဂိုးများကို ရယူကာ ဂိုးပြတ်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ဆာကာ၊ ထရိုဆတ်၊ ဂျီးဆပ်နှင့် အိုဒီဂတ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ထို့ပြင် ပေါ်တူဂီကလပ် ဘရာဂါနှင့် နာပိုလီအသင်းပွဲစဉ်တွင် နာပိုလီအသင်းက အကြိတ်အနယ် ကစားပြီး နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရီးရဲမက်ဒရစ်နှင့် ဂျာမန်ကလပ် ယူနီယံဘာလင် အသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက နာကျင်အချိန်ပိုတွင် သွင်းယူရရှိခဲ့သော ဘယ်လင်ဂမ်၏ သွင်းဂိုးကြောင့် တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# မြန်မာပြည်မြောက်ဖျားရှိ သဘာဝအဖိုးတန် ဆေးဖက်ဝင်အပင်များမှ ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါး ထုတ်ကုန်များ

သတင်း– ဖြိုးလေး၊ ငုရွှေဝါ၊ ဓာတ်ပုံ – ဇော်ဘောက်

မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ်သည် သဘာဝသယံဇာတများ ပေါများသည့်အလျောက် အာရှ၏ အကောင်းဆုံး ကျောက်စိမ်းရတနာထွက်ရှိသည်သာမက ကချင်ပြည်နယ်မှ ထွက်ရှိသော ပယင်းကျောက်သည်လည်း လူကြိုက်များလှသည်။ ထို့အပြင် စိုက်ပျိုးမြေမှာလည်း များစွာဖြစ်ထွန်းသည့် မြေဆီလွှာကောင်းများရှိသည့် ဒေသဖြစ်သည်။ ရေမြေတောတောင် သဘာဝ အရင်းအမြစ်များ ပေါကြွယ်ဝပြီး သာယာလှပသော ရှုခင်းများ၊ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းများ၊ ရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များ စသည်တို့က လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူပြုလျက်ရှိသည်။



မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်ကုန်ပစ္စည်းများ

❖ ဒေသမှထွက်ရှိသော အဖိုးတန်ဆေးဖက်ဝင် အပင်၊ အရွက်၊ အသီး၊ အခေါက်၊ အမြစ်များဖြင့် ဖော်စပ်ထုတ်လုပ်ထားသော အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်းများရှိရာ ကချင်ပြည်နယ်အတွင်း တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းပေါင်း ၃၅ ခုရှိ

❑ ပါဝင်သော ဆေးကုန်ကြမ်းအမယ်များသည် မြစ်ကြီးနားအနီးတစ်ဝိုက်မှရရှိသော ကုန်ကြမ်းများဖြင့် ဖော်စပ်ထား

ဒေသထွက် ကျောက်စိမ်း၊ ပယင်း အချောထည်များ ၊ ရိုးရာဂျပ်ခုတ်အဆင်၊ ရိုးရာပုဆိုးတို့သည် ပြည်နယ်အတွင်း ဆွဲဆောင်မှုတစ်ခုအဖြစ် တည်ရှိနေပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) အဖြစ် တိုးတက်လျက်ရှိသည်။ ထို့အတူ သဘာဝအလျောက် ဆေးဖက်ဝင် မဂျစ်ဥ၊ ခန်းတောက်မြစ်၊ ဂျင်စင်း၊ မရှော့၊ ရှီးပတီး (ခေါ်)ပိုးဆေးနွယ်ရှင် စသည့်အပင်များ ပေါက်ရောက်ရာ ဒေသလည်းဖြစ်သည်။

## လုပ်ငန်းပေါင်း ၃၅ ခု

ဒေသမှ ထွက်ရှိသော အဖိုးတန်ဆေးဖက်ဝင် အပင်၊ အရွက်၊ အသီး၊ အခေါက်၊ အမြစ်များဖြင့် ဖော်စပ်ထုတ်လုပ်ထားသော အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်းများရှိရာ ကချင်ပြည်နယ်အတွင်း တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းပေါင်း ၃၅ ခုရှိကြောင်းလည်း သိရသည်။ အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းကာ အကျိုးသက်ရောက်မှုရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲရန်အတွက် သက်ဆိုင်ရာက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်မှ ထွက်ရှိသော အစာကြေဆေး၊ ရှုလိမ်းဆေး၊ အကြောပြေ ဒဏ်ကြေလိမ်းဆေး၊ မီးယပ်ဆေး၊ သွေးအားတိုးဆေး၊ အဆုတ်ရောဂါ သောက်ဆေး၊ သလိပ်ပျော်အစာကြေ ဆေးပြား၊ အခိုးပွင့်သွေးဆေး၊ အကျိတ် မန်းဆေး၊ ကလေးသူငယ်နာဆေး၊



လိပ်ခေါင်းဆေး၊ မီးယပ်သွေးသန့်ဆေး၊ အဖုအကျိတ်နာ သောက်ဆေး၊ အရိုးနှင့် အနာစည်းဆေး၊ ဆေးမြစ်စုံ ဒဏ်ကြေလိမ်းဆေး၊ ကချင် ဆေးမြစ်စုံဆေး၊ စိမ်သောက်ဆေး အစရှိသည့်ဆေးများကို ဆေးဖက်ဝင် အပင်များနှင့် ဖော်စပ်ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ထိုသို့ ထုတ်လုပ်နေသည့် လုပ်ငန်းများအနက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီး တစ်ဝိုက်မှ ထွက်ရှိသော ဆေးဖက်ဝင်အပင်များဖြင့် ဖော်စပ်ထုတ်လုပ်နေသည့် ဘဝသစ် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းကို တင်ပြမျှဝေလိုပါသည်။

## တိုင်းရင်းဆေးကုန်ကြမ်းများ

အဆိုပါဆေးတိုက်သည် အဆုတ်ဆေးကို အဓိကထား ထုတ်လုပ်ပြီး လေနိုင်ဆေး၊ ဒူလာဆေး၊ ချောင်းဆိုးရောဂါသောက်ဆေး၊ ရိန်းဂျား ဒဏ်ကြေလိမ်းများ ထုတ်လုပ်လျက်ရှိသည်။ ဆေးဝါးများ ထုတ်လုပ်ရာတွင် အဆုတ်ရောဂါဖြစ်ပွားသူများအတွက် အဓိကထား ထုတ်လုပ်ပြီး ဆေးမြစ်၊ ဆေးနွယ်၊ ဆေးရွက်များဖြင့် ပေါင်းစပ်ထုတ်လုပ်ထားခြင်းဖြစ်ကာ ပါဝင်သော ဆေးကုန်ကြမ်း အမယ်များသည် မြစ်ကြီးနားအနီးတစ်ဝိုက်မှရရှိသော ကုန်ကြမ်းများဖြင့် ဖော်စပ်ထားကြောင်းလည်း သိရသည်။ သဘာဝသစ်နွယ်သစ်မြစ်၊ သစ်ရွက်၊ သစ်ခေါက်များဖြစ်သော ကျားခြေရာ၊ နနွင်းခါး အစရှိသည်များနှင့် ထုတ်လုပ်ထားရှိသောကြောင့် ဆေးဖက်ဝင် အာနိသင်အနေဖြင့် ရောဂါအခြေအနေပေါ် မူတည်၍ သက်သာပျောက်ကင်းကြောင်း သိရသည်။ အထူးသဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ထုတ်လုပ်မှု များပြားမှုရှိခဲ့ကြောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများပါ မှာယူမှုရှိသဖြင့် ပို့မိုရောင်းချနိုင်ခဲ့ကာ ဆေးစွမ်းထက်မြက်မှုကို ပိုမိုသိရှိလာကြကြောင်း ဆေးတိုက်ပိုင်ရှင်ဖြစ်သူ ဦးမရစ်နော်ဂျာက ပြောသည်။

## လက်ဆင့်ကမ်းအမွေ

ယင်းဆေးဝါးများကို ၁၉၅၈ ခုနှစ်ကတည်းက ဖခင်ဖြစ်သူ စတင်လုပ်ကိုင်ခဲ့ရာ မိမိအနေဖြင့် လက်ဆင့်ကမ်း အမွေအဖြစ် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိရိုးဖလာဆေး ဖော်စပ်နည်းအတိုင်း လက်ရှိတွင် ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်းလည်း ပိုင်ရှင်က ဆက်လက်ပြောပြသည်။ နေ့စဉ် ဆေးထုပ်အသေးအရေအတွက် တစ်ထောင်ခန့် ထုတ်လုပ်နိုင်ကြောင်းနှင့် တစ်နိုင်တစ်ပိုင်မှသည် ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းပါ တိုးပွားရေးကိုလည်း ဆောင်ရွက်ပေးနိုင်ကြောင်း တွေ့ရသည်။

## အလုပ်အကိုင်အခွင့်အလမ်း

ထိုသို့ အလုပ်အကိုင် အခွင့်အလမ်း တိုးပွားခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်လျက်ရာ ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) ဖွံ့ဖြိုးတိုးတက်ရေး ထုတ်ကုန်ပြပွဲများတွင် ပါဝင်ပြသခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်ရှိ သဘာဝတောတောင်များမှ ထွက်ရှိသော ဆေးဖက်ဝင်အပင်များဖြင့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ချိလျက်ရှိရာ တစ်မျိုးသားလုံးသက်ရှည် ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ခြင်း၊ ပြည်တွင်းမှ ရရှိနိုင်သော သယံဇာတဆေးဝါးများကို တွင်ကျယ်စွာ ရရှိနိုင်ရေးနှင့် အသုံးချနိုင်ခြင်းတို့အပြင် ဒေသနေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



တိုင်းရင်းဆေးဝါးများထုတ်လုပ်သည့် စက်ရုံကို တွေ့ရစဉ်။




## အသက်နှင့်ရင်းပြီး ရှာဖွေရသော ပူတာအိုဒေသတွင် သဘာဝအလျောက် ပေါက်ရောက်သည့် "ဘောချီဥ"

ပူတာအို စက်တင်ဘာ ၂၁

**မြန်မာပြည်မြောက်ဖျားပိုင်းရှိ ကချင်ပြည်နယ် ပူတာအိုဒေသသည် ရှားပါးသည့် သဘာဝဆေးမြစ်၊ဆေးဥများထွက်ရှိသည့် ဒေသဖြစ်ပြီး ပူတာအိုဒေသရေခဲတောင်များတွင် ရှီးပတီး၊ခမ်းတောက်မြစ်၊ ရှားချီ စသည့် အဖိုးတန်သဘာဝဆေးမြစ်၊ ဆေးဥများထွက်ရှိသည့်အပြင် သဘာဝအလျောက် ပေါက်ရောက်သည့် "ဘောချီဥ" များအား အသက်နှင့်ရင်းပြီးရှာဖွေခြင်းဖြင့် မိသားစုဝင်ငွေရှာဖွေကြရသည်။**

**ကျောက်ဖျာများတွင်တွေ့ရှိ**

အဆိုပါ"ဘောချီ"အား ဒေသခံရဝမ် ဘာသာစကားအားဖြင့် "လန်ပဲ့"ဟုလည်း ခေါ်ဆိုကြပြီး ဘောချီကို ရေခဲတောင်ဖြစ်သည့် ခါကာဘိုရာဇီ၊ ဖုန်ကန်ရာဇီ၊ ဖုန်ရင်ရာဇီနှင့် မဒွယ်ရာဇီ စသည့် ရေခဲတောင်များ၏ ကျောက်ဆောင်၊ ကျောက်ကမ်းပါးယံနှင့် ရေခဲတောင်ဒေသရှိ စမ်းချောင်းများ၏ ကျောက်ဖျာများတွင် ရှာဖွေတွေ့ရှိရသည့် ဆေးဥတစ်မျိုးဖြစ်သည်။

၎င်း"ဘောချီဥ"များကို အများအားဖြင့် စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် သွားရောက်ရှာဖွေကြရပြီး ရေခဲတောင်ဒေသမှ ရရှိလာသည့် "ဘောချီဥ"များကို တရုတ်နိုင်ငံဘက်မှ အများအားဖြင့် ဈေးကောင်း ပေးဝယ်လျက်ရှိသည်။ ယင်း "ဘောချီဥ" များကို တရုတ်နိုင်ငံတွင် တရုတ်တိုင်းရင်းဆေး ထုတ်လုပ်ရာတွင် အသုံးပြုလျက်ရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။



ဤသို့ ခက်ခက်ခဲခဲ တောင်တက်၍ ဘောချီဥ ရှာဖွေသူတစ်ဦး



ဆေးဖက်ဝင် ဘောချီဥများ။

**ကျပ် ၁၀ သိန်း ဝန်းကျင်အထိ ဈေးရ**

"ဘောချီဥ" များသည် ကြက်သွန်နီဥကဲ့သို့ရှိပြီး အဖြူရောင်၊ ခရမ်းရောင်နှင့် အစိမ်းရောင်ဟူ၍ အရောင်သုံးမျိုး ထွက်လျက်ရှိကြောင်း၊ အဆိုပါ အသက်နှင့်ရင်းပြီး ရှာဖွေရသည့် "ဘောချီဥ"များကို အခြောက်လှန်းကာ ပိဿာချိန်နှင့် ရောင်းကြရကြောင်း သိရှိရပြီး ၎င်းအခြောက်ခံပြီးရရှိလာသည့် "ဘောချီဥ" များကို ၂၀၂၁ ခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ်သုံးသိန်း၊ ၂၀၂၂ ခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ကိုးသိန်းနှင့် ယခုနှစ်တွင် ကာလပေါက်ဈေးအရ တရုတ်ငွေ အတက်အကျပေါ် မူတည်ပြီး ကျပ် ၁၀ သိန်း ဝန်းကျင်အထိ ဈေးရရှိကြောင်း သိရသည်။

အဆိုပါ "ဘောချီဥ"များသည် ပင်လယ်ရေမျက်နှာပြင် ၆၀၀၀ အထက်ရေခဲတောင်ရှိ ကျောက်ကမ်းပါးယံများတွင် ပေါက်ရောက်သောဆေးဥတစ်မျိုးဖြစ်ကြောင်း၊ "ဘောချီဥ" များကို အဖွဲ့လိုက်စုဖွဲ့ကာ ရှာဖွေကြရကြောင်း၊ အဆိုပါ "ဘောချီဥ" များသည် ကျောက်ဆောင် ကမ်းပါးယံတွင်သာ ပေါက်ရောက်ခြင်းကြောင့် ရာသီဥတုနှင့် လမ်းခရီး ကြမ်းတမ်းသဖြင့် "ဘောချီဥ" ရှာဖွေချိန်တွင် ကျောက်ဆောင် ကျောက်ကမ်းပါးယံမှ ပြုတ်ကျသေဆုံးမှုများလည်း ရှိကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

## ရေလုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂၁**

ရေလုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မွန်ပြည်နယ် ရေးမြို့နယ်နေ လှမင်းအောင် (ခ) ဖျော့ကြီးက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နေ ကို---၊၂၈ နှစ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နေ ကို ---၊ ၂၁ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်နေ ဦး ---၊၃၄ နှစ်တို့ကို ရေးမြို့နယ်ရှိရေလုပ်ငန်းတွင် လုပ်ကိုင်ပါက လုပ်အားခအဖြစ် တစ်လလျှင် ငွေကျပ် ၈၀၀၀၀/၉၀၀၀၀ ခန့်ရမည်ဟု ပြောဆိုစည်းရုံး၍ ရေလုပ်ငန်းသို့ ပို့ဆောင်ကာ လုပ်အားခအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ရေးမြို့မရဲစခန်း (ပ) ၅၁/ ၂၀၂၃ ၊လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် တရားခံ လှမင်းအောင် (ခ) ဖျော့ကြီးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့၌ ငွေကျပ်သိန်း ၇၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့၌ ငွေကျပ်သိန်း ၇၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂ သိန်း ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် ခရေပင်ရိပ်မွန်လမ်းတွင် သတင်းအရ ဇော်မင်းထွန်း(ခ)ကိုနေ၊ သန့်ဇင်ဦး၊ ဇော်လွင်၊ ကျင်သိန်း (ခ)မောင်စိုးနှင့် အန်တောနီတို့ ငါးဦးကို Saloon မော်တော်ယာဉ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၉ နာရီတွင် ရွှေပြည်သာမြို့နယ် အမှတ်(၃) ရပ်ကွက်ရှိ ဖမ်းမိတရားခံ သန့်ဇင်ဦး နေထိုင်သည့် နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၂ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၇၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၆၈၀ တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၆၈၀ တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး သာစည်- တောင်ကြီးသွားကားလမ်းတွင် ထွန်းမြင့်ဦး မောင်းနှင်ပြီး ဝေဖြိုးကျော် လိုက်ပါလာသည့် DONGFENG ၂၂ ဘီးတွဲယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလ တန်ဖိုးငွေကျပ်သိန်း ၁၆၈၀ တန်ဖိုးရှိ ဓာတုပစ္စည်း PHENOL LOOSE CRYSTALS ၂၁ တန် သိမ်းဆည်း ရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဓာတုပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီးမှ ရှမ်းပြည်နယ်သို့ တရားမဝင်သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ၌ အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က ချောက်မြို့ မဟာအေးစေတီဘုရား၌ ချောက်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချမ်းမြေ့ဝင်း ကြီးကြပ်မှုဖြင့်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကျော်မိုး(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၉-၂၀၂၃ သောကြာနေ

MRTV

MRTV National News

Soccer View

"Music Travellers-8"

mitv

07:01 Evergreen Classic: Awayyar Hmtu (Sein Let Let)
07:08 Waso or the Buddhist Lent
07:15 Underwater Photographer
07:38 Nutritious Avocado Foods
08:01 News
08:28 Let's go to...Natural Paradise
09:01 Listening Pleasure: Instrumental Music (Mandolin) Daydreaming
09:12 From Bamboo Strip to Sublime Buddha
09:34 Aesthetic Painting on Pathein Umbrella
09:47 Wushu Kids & Their Limit (Ep-2)
10:01 News
10:27 Topical Topics (No. 23) Enhance Capacity in Leader's Life & Seek Ways for the Emergence of Society

MRTV

ECONOMIC REVIEW (Part-50)

MRTV National News

PR SYSTEM

Economic Review

MRTV

Sports Diary

MNL 2022 Match (Replay)

Soccer View

Sri Lanka Organic Agriculture Documentary

Livestock on the Land - Full-Length Film

A Day in the Life of A Cattle Farmer!

MRTV Application

Education Channel

# AFC Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲ ဩစတြေးလျကလပ်ကို ရှမ်းယူနိုက်တက် ရှုံးနိမ့်

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၂၃–၂၀၂၄ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စု (F) ပထမနေ့အဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ဩစတြေးလျကလပ် မက်ကာသာအသင်းတို့သည် စက်တင်ဘာ ၂၁ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မက်ကာသာအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ဖွဲ့ထက်မင်း၊ ရဲမင်းသူ၊ မိုကာလူး၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ မျိုးကိုထွန်း၊ မတ်ခ်ဆာကီ၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်၊ ဘယ်လိုတို့ဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်ဖြင့် ဂိုးရရန်ကြိုးပမ်းခဲ့သည်။ မက်ကာသာအသင်းမှာမူ ရှမ်းယူနိုက်တက်၏ အမှားကိုစောင့်ကာ ဂိုးရရန် ကြိုးပမ်းခဲ့သည်။ မိနစ် ၂၀ တွင် ရှမ်းယူနိုက်တက်အသင်း ပယ်နယ်တီပေးခဲ့ရပြီး တိုက်စစ်မှူး ဂျာမိန်းက သွင်းယူခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ဒုတိယပိုင်းပွဲပြီးခါနီးတွင် အနိုင်ဂိုးများ ရရှိပြီး ၈၄ မိနစ်တွင် အူဂလာနှင့် ၉၀+၅ မိနစ်တွင် လီချာလန်ရို့စ်တို့က သွင်းယူခဲ့သည်။

အုပ်စု (F) အခြားပွဲတွင် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းက ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းကို အဝေးကွင်းတွင် သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် အောက်တိုဘာ ၅ ရက်တွင် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

ရဲရင့်လွင်


မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News




## မူဆယ်မြို့၌ ဘိုးဘွားရိပ်သာတည်ဆောက်ရေးကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းကိစ္စတွေ့ဆုံဆွေးနွေး

မူဆယ် စက်တင်ဘာ ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း)မူဆယ်မြို့၌ ဘိုးဘွားရိပ်သာ တည်ဆောက်ရန် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက မြေနေရာသုံးနေရာ ကြည့်ရှုလေ့လာထားပြီးဖြစ်သည်။ အဆိုပါမြေနေရာများအနက် မူဆယ်မြို့ လွှမ်းတိန်ခမ်းတောင်ပေါ်(ရုပ်တော်မှုဘုရား)တောင်ခြေအနီးတွင် ဘိုးဘွားရိပ်သာတည်ဆောက်ရန် အများသဘောတူ အတည်ပြုဆုံးဖြတ်ထားပြီးဖြစ်ရာ ယနေ့တွင် ကော်မတီဖွဲ့စည်းခြင်းနှင့် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းကိစ္စရပ်များကို မူဆယ်မြို့ပေါ်ရှိ ဆရာတော်များ၊ ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပရဟိတအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက ယခုတည်ဆောက်မည့် ဘိုးဘွားရိပ်သာသည် လူမျိုးဘာသာ မခွဲခြားဘဲ သက်ကြီးအဘိုးအဘွားများ၊ မှီခိုအားထားမရှိသည့်သက်ကြီးရွယ်အိုများကို အဓိကထားရှိသွားမည်ဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်လိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးတင်ပြကြပြီး ကော်မတီဝင်များကို စနစ်တကျ ဖွဲ့စည်းခဲ့ကြောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်မိသားစုက မတည်အလှူငွေကျပ် သိန်း ၁၀၀၊ ဦးဟန်ဝင်းနှင့်ဇနီးဒေါ်မေရီမိသားစုက ငွေကျပ်သိန်း ၄၀၀၊ ဦးစိုင်းထွန်းအေးနှင့်ဒေါ်နန်းခမ်းမိုင် (စိုစိုပြေပြေမိသားစု) ငွေကျပ်သိန်း ၁၀၀၊ မူဆယ်မြို့လူသားချင်းစာနာထောက်ထားမှုကွန်ရက် ကမ်းလက်ကူညီပရဟိတအသင်းဥက္ကဋ္ဌ ဦးဝင်းဌေးနှင့်ဇနီးမိသားစုက ငွေကျပ်သိန်း ၁၀၀ တို့ကို မတည်လှူဒါန်းခဲ့ကြကြောင်းနှင့် အဆိုပါဘိုးဘွားရိပ်သာအတွက် ဆက်သွယ်လှူဒါန်းလိုပါက ဦးဇော်လင်း ၀၉–၄၂၈၃၄၃၁၂၃ ၊ ကိုဌေး ၀၉–၂၅၉၀၀၁၁၇၇ ၊ ဦးမော်စီ ၀၉–၅၂၃၁၀၉၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သန့်ဇင် (မြန်မာ့အလင်း)

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၉ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၃၀ ကျပ် | ၂၅၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၁၀ ကျပ် | ၂၆၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၃၀ ကျပ် | ၂၃၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၃ | ၂၇၉၀၀ |
| MTSH | ၃၀၅၀ | ၃၀၀၀ | ၂၈၀၆ | ၈၄၇၃၀၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၁ | ၇၅၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၆၂ | ၂၇၅၄၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၇ | ၁၆၈၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၄ | ၉၂၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၈ | ၃၉၂၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၂၀ | ၃၆၀၀၀ |

ညီညီ – စုစည်းသည်

## ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ပြည်ဆန်လှူအသင်းကြီး (၄၂)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ နှိုးဆော်လွှာ

ပြည်ဆန်လှူအသင်းကြီးသည် ၂၀၂၃ခုနှစ်၊ (၄၂)ကြိမ်မြောက်ဆွမ်း ဆန်တော်လောင်းလှူပွဲကို ၁၃၈၅ခုနှစ်၊ တော်သလင်းလကွယ်နေ့ ၁၄-၁၀-၂၀၂၃ ရက် (စနေနေ့)တွင် ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ သိရိခေတ္တ သိရိနန္ဒ သာသနဗိမာန်တော်ကြီး၌ ပြည်မြို့နယ်အတွင်း ကျေးရွာများနှင့် မြို့ပေါ် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်ကျောင်းများ၊ မြို့ပေါ်သီလရှင် ကျောင်းများ၊ ပြည်တောင်တန်းတောရကျောင်းများ၊ ထပ်တိုးဘုန်းတော်ကြီး ကျောင်းများရှိ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း (၃၀၀၀)ခန့်အား ဆွမ်းဆန် တော်၊ ဆီ၊ ပဲနှင့် ဆားလောင်းလှူပွဲကိုစည်းကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲအတွက် ဆွမ်းဆန်များ လောင်းလှူမည့် အနယ်နယ် အရပ်ရပ်ရှိ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့က ဆွမ်းဆန်တော်များ လှူနိုင် ရန် သာသနာ့ ဗိမာန်တော်ကြီးတွင် (၁၆-၉-၂၀၂၃)ရက်မှ (၁၄-၁၀-၂၀၂၃)ရက်ထိ အလှူခံဌာနဖွင့်လှစ်ပြီး ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားနှင့်အလှူတော် ငွေများ ပါဝင်လှူဒါန်းနိုင်ရေးအတွက် နိဗ္ဗာန်အကျိုးမျှော်၍နှိုးဆော်လိုက်ရပါသည်။

ဆက်သွယ်လှူဒါန်းရန် ဖုန်း-

ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဦးကျော်နိုင် -၀၉-၄၀၃၇၂၅၈၅၅

ဥက္ကဋ္ဌ၊ ပြည်ဆန်လှူအသင်း၊ ဦးသန်းစိုး- ၀၉-၂၅၄၂၃၆၀၃၈

**အလုပ်အမှုဆောင်အဖွဲ့**
**ပြည်ဆန်လှူအသင်းကြီး၊ ပြည်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/9321 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(နေပြည်တော်)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ အကွက် (၁)နေ ဒေါ်ဗျက်ထာခွန်ကြွယ် ၄/ဟခန (နိုင်)၀၃၈၃၇၆က စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ အကွက်အမှတ် (၅၅၇-က)၊ ပုမေမြောက်ကွင်း၊ မြေကွက်အမှတ် (၂၄)မှ မြေချိန်ဧရိယာ (၀.၀၂၇)ဧကအား လူနေအိမ်ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှားဂရန်လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက ဂုံးချွန် Grade-12 မှ မခင်ထွေးရီ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဦးခင် ၁၁/ကဖန(နိုင်) ၀၅၅၅၂၈ ဖြစ်ပါကြောင်း။

**ဦးမောင်ဦးခင်**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက-၂၊ Grade-12 အခန်း (A)၌ တက်ရောက်နေသည့် မောင်နေ ဇော်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းတင် ၁၁/ကဖန(နိုင်) ၀၁၇၅၁၄ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်ဗထူး တန်ဖိုးမျှတ (ဒုတိယအဆင့်)အိမ်ရာ၊ အပိုင်း (၂)၊ တိုက်အမှတ် (AA-4)၊ တိုက်ခန်းအမှတ် (၁၀၂)၊ အကျယ်အဝန်း (U-၆၀၀)ရှိ သည့် ဦးဇင်ဝင်းလတ် ၅/မရန(နိုင်)၁၂၆၁၇၉ အမည်ပေါက် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်စန္ဒာအေး ၁၂/ရကန (နိုင်)၀၂၅၈၈၆က အရပ်ကတိစာချုပ်များဖြင့် လက်ရောက်ရယူဝယ်ယူပိုင်ဆိုင် ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူ သဖြင့် ရောင်းချ သည့် ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာ ချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်ပိုင်စိုး (စဉ်-၁၁၅၉၁)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၃၇၇)၊ အခန်း(ဘီ)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၆၂၉၄၉၉၇၅**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနတွင် ဦးအောင်မိုးလှိုင် (၁၂/ရကန(နိုင်)၀၀၁၇၈၈) အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မြေကွက်အမှတ် (၁၁၂၀)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအောင်မိုးလှိုင် (၁၂/ရကန(နိုင်)၀၀၁၇၈၈)က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့် ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာ ကြေညာချက်ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းများယူဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်ပိုင်စိုး (စဉ်-၁၁၅၉၁)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၃၇၇)၊ အခန်း(ဘီ)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၆၂၉၄၉၉၇၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) စစ်တွေမြို့နယ်တရားရုံးတော်၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃

| | | |
|---|---|---|
| မောင်ထက်သူအောင် | နှင့် | မယုယုမွန်အောင် |
| (ဘ)ဦးလှတင့် | | (ဦးသက်ခိုင်စိုး) |
| အမှတ် (၉၅၅)၊ အောင်မေတ္တာရပ်ကွက် | | စည်ပင်သာယာရပ်ကွက် |
| မကွေးမြို့ | | ရေစကြိုမြို့ |
| **တရားလို** | | **တရားပြိုင်** |

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့၊ စည်ပင်သာယာရပ်ကွက်၊ တရားပြိုင် မယုယုမွန်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက် ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

**(ဆုဝေယံမြင့်ဇော်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**စစ်တွေမြို့နယ်တရားရုံး**

## Enlightened Myanmar Research Co.,Ltd

**ပညာအလင်းပွင့် မြန်မာသုတေသန ကုမ္ပဏီလီမိတက်**
**မြန်မာနိုင်ငံလူမှုခွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၅၂(က)၊ နည်းဥပဒေ ပုဒ်မ ၁၅ အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၃ခုနှစ်၊စက်တင်ဘာလ ၅ရက်တွင် ကျင်းပပြုလုပ်သော အဖွဲ့ဝင် များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ Enlightened Myanmar Research Co.,Ltd အား ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၅ရက်မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဒေါ်စုဝေထွေး B.Com(Q).CPAအား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၃ရက် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**Enlightened Myanmar Research Co.,Ltd**

**ဒေါ်စုဝေထွေး**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(MAIP00203)**

## မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ အထက (၁၈)ကျောင်း Grade-12 မှ မသင်းမြတ်စိုး၊ Grade-9မှ မစုပြည့်ဖြိုးကြွယ်နှင့် Grade-4 မှ မထက်မြတ်စိုးတို့၏ မိခင်အမည်မှန်မှာ ဒေါ်စံထွီးမေ ၁၁/ပတန(နိုင်)၀၃၅၅၀၃ ဖြစ်ပါကြောင်း။ **ဒေါ်စံထွီးမေ**

## ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထက (ခွဲ) ဘုရားငူ Grade-12မှ မောင်ဇင်လင်းထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်ခိုင် ၁၄/ရကန(နိုင်) ၁၃၇၄၀၅ ဖြစ်ပါကြောင်း။

**ဦးကျော်ခိုင်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၅၂(မခ) ရပ်ကွက်၊ မြေကွက်အမှတ်(၅၆၆) ဦးစိန်မြင့်အမည်ပေါက် ပိုင်ဆိုင်သော (အလျား ၂၅ပေ x အနံ ၆၀ပေ)ပါမစ်မြေကွက်အား ဦးစိန်မြင့် ၁၂/လကန(နိုင်)၀၅၇၁၆၃ထံမှ အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သွယ်သွယ်လင်း ၁၂/ဥကမ(နိုင်)၁၈၈၉၀၇ထံမှ ကျွန်မ ဒေါ်ထွေး ၁၂/လမန(နိုင်)၀၃၂၄၃၃က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာချုပ် စာတမ်းပါမစ်(မူရင်း)တင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဒေါ်ထွေး**
**၁၂/လမန(နိုင်) ၀၃၂၄၃၃**
**(ဖုန်း-၀၉-၄၃၁၆၄၆၉၇)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်း အနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း (Star City) ဇုန်အတွင်းရှိ City Loft တိုက် အမှတ် (CL3) (B1) အခန်းအမှတ် (၂၁၂) ၂လွှာ၊ Type (1Bedroom)၊ Area (484)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ် လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ယမင်းသက် ၆/ထဝန(နိုင်) ၀၇၉၁၁၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်ဖြိုးသီရိအောင် ၇/ပခန(နိုင်) ၂၈၉၅၀၄က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန် ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးသီရိအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၇၉)**
**အမှတ် (၁၃၈)၊ လမ်း(၄၀)(မြေညီ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၉၆၃၄၆၃၆၊ ၀၉-၄၃၀၆၃၅၅၆**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ခေတ္တဆိုင်းငံ့ခြင်း

၁၅-၉-၂၀၂၃ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၂၀)နှင့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)တို့တွင် ပါရှိသော ပုသိမ်ခရိုင် လမ်းဦးစီးဌာန၏ တင်ဒါအမှတ်(၂/၂၀၂၃-၂၀၂၄) အား ခေတ္တဆိုင်းငံ့ပြီး တင်ဒါဖွင့်မည့်ရက်အား ထပ်မံ ကြေညာပါမည်။

**ပုသိမ်ခရိုင် ၊လမ်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာ စီမံကိန်း(Star City)အတွင်းရှိ ဇုန်(ဘီ) ၊ တိုက်အမှတ်(ဘီ-၃)၊ အခန်းအမှတ် (၂၂၂) (၂လွှာ) Type(B+)၊ Area (938)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက် ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ဦးလှိုင် ၁၂/ကမရ(နိုင်)၀၂၇၆၅၁နှင့်ဒေါ်တိုးတိုးလှိုင် ၁၂/ကမရ(နိုင်)၀၂၇၉၄၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးပြည့်ဖြိုးဟိန်း ၁၂/မဂတ(နိုင်) ၀၉၄၁၁၄နှင့် ဒေါ်ပြည့် ပြည့်ဝင်းထွန်း ၁၂/သဃက(နိုင်)၁၈၂၈၂၅တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးဟိန်း-ဒေါ်ပြည့်ပြည့်ဝင်းထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ဌေး LL.B., LL.M.,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၇၉)**
**အမှတ်(၁၃၈)၊ လမ်း(၄၀)(မြေညီ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၉၆၃၄၆၃၆၊ ၀၉-၄၃၀၆၃၅၅၆**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ င/၁ရပ်ကွက်၊ မီးရထားရိပ်သာ၊ အမှတ်(၁၇/က)နေ ကျွန်တော် ဦးစည်သူထက် ၁၂/သဃက(နိုင်) ၁၇၅၉၈၆နှင့် ဒေါ်လှထွေး ၆/ရဖန(နိုင်)၀၈၄၄၇၆တို့သည် ၂၀၁၆ ခုနှစ်မှစ၍ အကြင်လင်မယား အဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ဤသို့ ပေါင်းသင်းနေထိုင်လာရင်း ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၁၉-၉-၂၀၂၃)ရက်က အသိသက်သေလူကြီး များ၏ ရှေ့မှောက်တွင် အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခြင်းစာချုပ် ချုပ်ဆိုကွာရှင်းခဲ့ပြီး ပစ္စည်းခန်းပါ ဆောင်ရွက်ခဲ့ပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးစည်သူထက်၊ ဒေါ်လှထွေး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာ၊ ရပ်ကွက်(၅)၊ အိမ်အမှတ်(၉)နေ ဦးခင်မောင်စန်း ၅/ကလတ(နိုင်)၀၃၁၃၂၄က ကျွန်ုပ်ပိုင်ဆိုင် သည့် မြစ်ကြီးနားမြို့၊ နန်းကွေ့ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၈၅)နှင့် (၈၆) နန်းကွေ့အနောက်တောင်ကွင်း၊ ဦးပိုင်အမှတ်(၁၁)၊ဧရိယာ(၆၀ပေx၈၀ ပေ)ခြံ မြေကွက်ကို ရောင်းချတော့မည်ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးခင်မောင်စန်း**
**၅/ကလတ(နိုင်) ၀၃၁၃၂၄(ဖုန်း-၀၉-၇၉၀၆၄၇၄၇၃)**

## မွေးသက္ကရာဇ်အမှန်

ပုဏ္ဏားကျွန်းမြို့၊ စံပြရပ်ကွက် နေ (ဘ)ဦးလှအောင်သာ၏သမီး ၂၀၂၁-၂၀၂၂ တက္ကသိုလ်ဝင်တန်းအောင် မဇင်လဲ့လဲ့ဝင်း ၁၁/ပဏတ (နိုင်) ၀၇၇၈၁၂၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၄-၂၀၀၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်မှာ

ရခိုင်ပြည်နယ်၊ မြောက်ဦး ခရိုင်၊ မြေပုံမြို့၊ အထက (မြေပုံ)မှ ကျောင်းဝင်အမှတ် ၁၇၃၃၄၊ G-10 မှ ကျောင်းသူ မမျိုးမျိုးသန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်သန်းစိန် ၁၁/မပတ(နိုင်)၁၀၈၇၈၆ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ကော့ကရိတ်မြို့၊ အထက (၁) Grade-5 အတန်းမှ မောင်ဉာဏ်လင်းထက်၏ မိခင်အမည်မှန်မှာ ဒေါ်လဲ့ယဉ်ဝင်း ၃/ကကရ(နိုင်)၀၀၀၀၆၈ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ကော့ကရိတ်မြို့၊ အထက (၁) Grade-11မှ မသီရိအိမ်နှင့် Grade-6 မှ မညွှန်းလဲ့အိမ်တို့၏ မိဘအမည်မှန်မှာ ဦးညီညီဇော် ၁၀/ပမန(နိုင်)၁၁၉၅၇၂နှင့် ဒေါ်မေခလာအောင် ၃/ကကရ(နိုင်)၀၉၀၃၇၆ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/7093, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးလတ် ၆/လလန(နိုင်)၀၁၅၂၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အမှတ် (၃)၊ ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး)ဖြင့် ဆောင်ရွက်မည့် မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အမှတ် (၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)တွင် Compressor Maintenance (Area-3) ဌာန နောက်ဘက်ရှိ စက်ရုံခြံစည်းရိုးအား အုတ်ခြံစည်းရိုးအသစ်ကာ ရံခြင်း၊ (၁၀ပေအမြင့်) (၃၆၀ပေ)လုပ်ငန်းအား တင်ဒါစည်းကမ်းနှင့်အညီ ဆောက်လုပ်သွားမည်ဖြစ်သည့်အတွက် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်** - ၂၅-၉-၂၀၂၃ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၁၀-၂၀၂၃ရက်၊ ၁၃:၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၆-၁၀-၂၀၂၃ရက်၊ ၁၄:၀၀နာရီ
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - အမှတ်(၃)၊ ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)

၂။ တင်ဒါစည်းကမ်းချက်နှင့်ပုံစံများကို တစ်စုံလျှင် ၁၀၀၀၀/-ကျပ်နှုန်းဖြင့် ၂၅-၉-၂၀၂၃ရက်မှစ၍ ရုံးချိန်အတွင်း အမှတ် (၃)၊ ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)၊ ဘဏ္ဍာရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါဖွင့်ဖောက်မည့်နေ့ရက်၊ အချိန်နှင့် နေရာပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များအား ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်-

၀၉-၄၂၀၇၀၇၅၂၀
၀၉-၇၉၆၃၅၁၅၅၈
၀၉-၄၅၀၂၄၂၃၁၀

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(၅/တိုးချဲ့ကွက်သစ်)၊ ဦးပိုင် (၁၃၄/၁၅၉+၁၃၅/၁၆၀+၁၃၄/၁၆၂+၁၃၅၊၁၆၁)၊ မြေဧရိယာ(၀ဒသမ၃၄၄)ကေမြေငှားဂရန်အမှုတွဲအမှတ် ၅/၂၀၀၇-၂၀၀၈ (အေ)ဖြင့် ဒေါ်နန်းခေမာစန်း အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ဦးယောနသန် ၁၃/တယန(နိုင်)၁၀၀၄၂၁သို့ လွှဲပြောင်းရောင်းချပေးပြီးဖြစ်ပါသဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်ထွေအုပ်ရုံးသို့ ရက်ပေါင်း ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တန့်ယန်းမြို့**

## အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၃)၊ အကွက်အမှတ်(၈/နောင်ဖာဂိတ်အရှေ့)၊ ဦးပိုင် (၄၀)၊ မြေဧရိယာ (၀.၂၃၆)ကေ၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၀-၅/၂၀၀၃-၂၀၀၄ ဦးလိုင်းဆိုင်နု အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား စာချုပ်အမှတ် ၁၆/၂၀၂၁ ဖြင့် ဒေါ်အေးအောင် ၁၃/တယန(နိုင်) ၀၀၀၇၇၂သို့ ရောင်းချပေးပြီးဖြစ်ပါသဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာခြင်းအပေါ်ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်ထွေအုပ်ရုံးသို့ ရက်ပေါင်း ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တန့်ယန်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(သကတ-၂)၊ မြေကွက်အမှတ်(၂၇၅/ခ)၊ ဧရိယာ(၀ဒသမ၀၂၇)ကေရှိ (ယခုအခေါ် အမှတ်(၂၇၅/ခ)စိန်ပန်းမြိုင်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်)ဟုခေါ်တွင်သော ဦးတင်ဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဥပဒေနှင့်အညီ တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မိုးညွန့် ၈/နမန(နိုင်)၀၈၉၉၇၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထက်ပါမြေကွက်နှင့်ပတ်သက်သည့်ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း မူရင်းပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ယခင်အခေါ် အင်းစိန်မြို့နယ်၊ ကံဘဲ့အကွက်အမှတ် (၃၆)၊ ဦးပိုင်အမှတ် (၃၄/၄)၊ မြေဧရိယာ (၀.၂၀၃)ကေ အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော (အလျား ၄၅ပေxအနံ ၁၇၅ပေ)ရှိ မြေကွက်အား အမှတ် (၁၅၆)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မယ်ပန်၊ ဒေါ်သိန်း၊ ဦးထွန်းခင်၊ ဦးထွန်းမောင်၊ အမှတ် (၇၆၉)၊ ရွှေတောင်တန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထိပ်၊ လသာမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မေလှသန်းနှင့်အမှတ် (၄၆/စီ)၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ယဉ်ယဉ်မြင့်တို့မှ ဒေါ်ဇီဇဝါဝင်းထွန်း၊ အမှတ် (၇/က)၊ သစ္စာရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူနှင့် တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် အမြန်လာရောက်ဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားကြေညာအပ်ပါသည်။

**ဒေါ်ဇီဇဝါဝင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းလက်လေးမောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၉၀၄)**
**အခန်း (A-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၄၂၅၂၂၀၀**

## ဖခင်အမည်မှန်

နေပြည်တော်ကောင်စီ၊ ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ ရေအိုးစဉ်ကျေးရွာမှ မစိုးရတနာထက် ၉/ပဗသ(နိုင်)၀၂၃၆၀၅၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်း ၅/ကဘလ(နိုင်)၁၀၉၉၉၃ ဖြစ်ပါကြောင်း။

**ဦးကျော်မင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ အထက(ဝေါ) Grade-11(A)မှ ကျောင်းဝင်အမှတ် (၁၅၀/၁၅) မောင်ခန့်ဇင်သူဟိန်း၏ ဖခင်အမည်မှန်မှာ ဦးခင်ဆွေ ဖြစ်ပါကြောင်း။

**ဦးခင်ဆွေ**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဇေယျာ အထက(ခွဲ) Grade-4(B)မှ ဦးသပြေမောင်၏သမီး မနှင်းသဒ္ဒါမောင်အား မထက်သဒ္ဒါအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၉-၂၀၂၃ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၈)ပါ ဒေါ်ဝေဖြိုးအောင် (တရားလွှတ်တော် ရှေ့နေ စဉ်-၁၅၄၅၅)၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်ဝင်းဝင်းရွှေ ၁၂/မရက(နိုင်) ၁၃၆၉၁၆ဟု မှားယွင်းဖော်ပြမိသဖြင့် ဒေါ်ဝင်းဝင်းရွှေ ၁၂/မရက(နိုင်) ၀၁၆၉၁၆ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၇/စက်ရုံရွာမ)၊ ဦးပိုင်အမှတ်(၁၅၀)၊ မြေဧရိယာ (၀ဒသမ၀၄၃)ကေရှိ မြေသည် သရက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် Serial No.025/1992-1993 အရ (၁၅-၂-၁၉၉၃) ရက်မှ (၁၄-၂-၂၀၂၃)ရက်အထိ ဦးဘိုနီချို ၈/မထန(နိုင်)၀၆၆၈၀၃အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးထားသောမြေဖြစ်ပြီး ယခုအခါ သက်တမ်းကုန်ဆုံးပြီဖြစ်၍ သက်တမ်းတိုး မြေငှားဂရန် ထုတ်ပေးနိုင်ပါရန် အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဦးချမ်းမြေ့အောင်(ဘ)ဦးမြင့်ကြည် ၇/ကဝန(နိုင်)၁၂၉၀၁၁ နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၅၆)တွင် နေထိုင်သူ ဒေါ်မူမူဝင်း(ဘ)ဦးဝင်းအောင် ၁၂/ရကန(နိုင်)၀၈၃၄၅၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဒေါ်မူမူဝင်းသည် ဦးချမ်းမြေ့အောင် (ဘ)ဦးမြင့်ကြည် ၇/ကဝန(နိုင်)၁၂၉၀၁၁နှင့် (၂၀၁၃)ခုနှစ်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ပြီး သား(၁)ဦးထွန်းကားခဲ့ပါသည်။ ထိုသို့ ပေါင်းသင်းနေထိုင်လာစဉ်အတွင်း တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်ခြင်းမှုမရှိဘဲ ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့သဖြင့် (၁၆-၅-၂၀၂၂)ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင် တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြ ပြီးဖြစ်ပါသည်။ သို့ပါ၍ နောက်နောင် တစ်ဦးနှင့်တစ်ဦးမည်သို့မျှပတ်သက်ခြင်း၊ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း နှင့်ဦးချမ်းမြေ့အောင်နှင့်ပတ်သက်သည့် လူမှုရေးကိစ္စ၊ ငွေကြေးကိစ္စ၊ အခြားစီးပွားရေး၊ အရှုပ်အရှင်းကိစ္စမှန်သမျှ ဒေါ်မူမူဝင်းမှ တာဝန်မယူပါကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မူမူဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ပပထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၀၉) ၂၈-၇-၂၀၁၆**
**အမှတ်(၁၅၆၀)၊ မြစ်ငယ်(၁)လမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊**
**ဖုန်း-၀၉-၂၅၀၂၉၂၃၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/သဘော်ာကျင်း၊ မြေကွက်အမှတ် က/၁၁၀၊ ဧရိယာ(၀ဒသမ၀၂၈)ကေ မြေကွက်တည်နေရာအမှတ် ၄၀၊ ၇လမ်း၊ သဘော်ာကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးအေးမြင့် ၁၂/ဒပန(နိုင်)၀၂၁၉၃၁ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအေးမြင့် ၁၂/ဒပန(နိုင်) ၀၂၁၉၃၁ (ခင်ပွန်း)သည် (၁၉-၁၁-၁၉၉၇)ရက်တွင် ကွယ်လွန်ကြောင်း တင်ပြ၍ ဇနီးဖြစ်သူ ဒေါ်မြစိန် ၁၂/ဒပန(နိုင်)၀၂၁၉၃၂မှ ကွယ်လွန်သူခင်ပွန်း ဦးအေးမြင့်တွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ကျွန်မဒေါ်မြစိန်သာ ကျန်ရှိခဲ့ပါကြောင်း၊ အခြားသော ဇနီး/မယားတစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နှစ်(၆၀)ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးအေးမြင့် သေဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ သေစာရင်းမိတ္တူအမှန်ထုတ်ပေးခြင်းမပြုနိုင်ပါကြောင်း (၆-၂-၂၀၂၃) ရက်စွဲပါ အကြောင်းပြန်ကြားစာ မြေခွန်ပြေစာတို့တင်ပြ၍ ဒေါ်မြစိန်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ ၅၄၃/၂၀၂၃ (၁၀-၁-၂၀၂၃)ဖြင့် ရသူဦးစိုးဝင်း ၁၂/ဒပန(နိုင်)၀၁၉၁၉၁မှ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းကြောင်း၊ မပြုသေးသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ နိုင်ငံသားစိစစ်ရေးကတ်တို့ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ (တင်ပြ၍ ပိုင်ဆိုင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး)

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ဒါးမကျကျေးရွာနေ ဦးသိန်းဇော် (ဘ) ဦးဝင်းမြင့်၊ ၉/လဝန(နိုင်)၁၆၁၇၆၂ သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား လယ်ဝေးမြို့၊ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်-




**စာချုပ်အမှတ် - ၂၀/၂၁/၂၂/၂၃ (၂၀၂၃)**

အထက်ဖော်ပြပါ "ရွှေကောင်းသီးနှံ" သီးနှံစုံအထွက်တိုးမြေသြဇာ (N-10%, $P_2O_5$-25%) ($K_2O$- 25%) (ထလ - ၂၁၈၉)၊ "ရွှေကောင်းသီးနှံ" Ammonium Sulphate ဆာလ်ဖာ ပုလဲမြေသြဇာ (N -21%, S-24%) (တသ-၇၃၈၁)၊ "ရွှေကောင်းသီးနှံ" နိုက်ထရိုဂျင် (N)46% UREA (တသ-၇၃၈၀)"ရွှေကောင်းပီကေ" N P K 0-52-34 (အထူးရွက်ဖျန်း မြေသြဇာအမှုန့်) (တသ-၇၂၇၄) ဟူသော ကုန်အမှတ် တံဆိပ်အမှတ်အသားများကို အဝတ်အထည်များ၊ စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်များ၊ တံဆိပ်တုံးများ၊ ဘလောက်တုံးများ၊ ဒီဇိုင်းများ၊ ငွေရပြေစာဖြတ်ပိုင်းများ၊ အိတ်အမျိုးမျိုးနှင့် စာရေးစက္ကူများ၊ ကြော်ငြာများ၊ ဒီဇိုင်းများ၊ ဗွီနိုင်းများ၊ Internet, website, facebook အစရှိသည့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင် ဖော်ပြပါတံဆိပ်အမှတ်အသားကို ရိုက်နှိပ်၍ လယ်ဝေးမြို့နယ်နှင့်တကွ မြန်မာနိုင်ငံဒေသအသီးသီးသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်း၊ ပုံတံဆိပ်၊ အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပသုံးစွဲခြင်း၊ ဖြန့်ဖြူးထုတ်လုပ်ခြင်း မပြုကြရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းဇော် ၉/လဝန(နိုင်)၁၆၁၇၆၂၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကျော်ဇော**
**အထက်တန်းရှေ့နေ**
**အမှတ် (၂/၂၄၂)၊ ကန်သာယာ (၂)လမ်း၊ ဖော်တောင်ချက်မဘုရားအရှေ့ဘက်၊**
**လယ်ဝေးမြို့၊ ဖုန်း -၀၉-၇၆၀၉၀၉၁၉၂**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/3382 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3G/2507 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဒူးယားလမ်း၊ အမှတ်(၁၀၁၉)နေ ဦးဗိုလ်ဗိုလ်မြင့်(ဘ)ဦးလှမြင့် ၁၄/ပပတ(နိုင်) ၀၀၀၀၄၈မှ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁၀)လမ်း၊ အမှတ်(၈၆၁)နေ ဒေါ်ညွှန့်ညွှန့်ဝေ(ဘ)ဦးထွန်းပို ၁၂/ဥကတ (နိုင်) ၁၅၄၈၅၃အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၃၀-၇-၂၀၁၅) ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၄၆၂/၂၀၁၅) ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အေးချမ်းမွန် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၄၄၇)**
**အမှတ်(၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၀၂၅၈၉၈၂၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ တိုက်အမှတ်(၂)၊ ဒုတိယထပ်(၃-လွှာ)၊ (တိုက်မျက်နှာမူလျှင်-ဘယ်)၊ (၁၉ x ၅၄ )ပေအကျယ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်စုလတ်ဖြူ (၁၂/ဥကတ(နိုင်) ၁၆၃၂၇၀)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးစိုင်းခမ်းခေး (၁၃/လရန(နိုင်)၀၉၈၀၉၀)၊ ဒေါ်သော်တာငြိမ်း (၆/ထဝန(နိုင်)၀၈၇၅၆၅)တို့ကလည်း ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေများကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ပန်းမွှေး |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၁၆၃၉၇/၂၀၁၉) |

**တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ - ၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/30643, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးကို ၉/မနမ(နိုင်)၀၉၉၈၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/92565, Honda Click-150 ယာဉ်လက်ဝယ်ရှိသူ High Speed Motor Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/19024, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသီဟ ၁၄/မမန(နိုင်)၂၉၆၂၈၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ကျောင်းခွဲနယ်မြေ(၇)ခုအသီးသီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| ၁ | နည်းပြ/သရုပ်ပြ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၂၀ | B.Agr.Sc (Q), B.A.Sc (Q), B.Sc (Computer Science), B.Sc (Physics, Maths)(Q)/(Hons), B.A (Myanmar, English)(Q)/(Hons) |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့်နေ့တွင် ပြင်ပပုဂ္ဂိုလ်များအတွက် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) လုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) ဌာနတွင် အနည်းဆုံးလုပ်သက် တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ် ရမည်။
(င) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင်
(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်
(င) ဆက်သွယ်ရန်လိပ်စာ၊ဖုန်းနံပါတ်
(စ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံဖော်ပြပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ (၂၀-၁၀-၂၀၂၃) ရက်နေ့နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) ဘွဲ့လက်မှတ်/ ယာယီဘွဲ့ထောက်ခံစာ မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရမည်)၊ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်/ယာယီဘွဲ့ ထောက်ခံစာ၊ အောင်လက်မှတ်မူရင်းတင်ပြရမည်)
(ခ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ (၂)ပုံ၊(နောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရန်)
(ဃ) ပြင်ပမှ လျှောက်ထားသူများသည် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း (လွန်ခဲ့သော(၁)လအတွင်း)၊
(င) တာဝန်ကျရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်/နယ်ကျောင်းခွဲ အသီးသီးသို့ သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်၊
(စ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်၊
(ဆ) ကျန်းမာကြောင်းဆေးထောက်ခံစာမူရင်း၊
(ဇ) ရာထူးနေရာများအတွက်ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး (၅)နှစ်တိတိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူ စာရင်းအား ရေးဖြေစာမေးပွဲ မဖြေဆိုမီ (၁-၁၁-၂၀၂၃) ရက်နေ့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်ဆေးရန်အတွက် ရေးဖြေစာမေးပွဲအား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင်(၁)နာရီဖြင့် အောက်ပါ နေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်သည်-

| စဉ် | ဖြေဆိုရမည့် ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၃-၁၁-၂၀၂၃ (သောကြာနေ့) | နံနက် (၉:၀၀ မှ ၁၀:၀၀)နာရီထိ |
| (ခ) | အထွေထွေ ဗဟုသုတ | ၃-၁၁-၂၀၂၃ (သောကြာနေ့) | နံနက် (၁၁:၀၀ မှ ၁၂:၀၀)နာရီထိ |
| (ဂ) | အင်္ဂလိပ်စာ | ၃-၁၁-၂၀၂၃ (သောကြာနေ့) | မွန်းလွဲ (၂:၀၀ မှ ၃:၀၀) နာရီထိ |

၈။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စီမံရေးရာဌာန ဖုန်းနံပါတ် ၀၆၇-၃၄၁၆၅၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/7172 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ထားဝယ်)

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/9489 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ထားဝယ်)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## စလင်းမြို့နယ်တရားရုံးတော်
## ၂၀၂၃ခုနှစ် ၊ တရားမကြီးမှုအမှတ်-၄၄

ဒေါ်ဝေစီမိုး နှင့် ၁။ ဦးခင်မောင်ဦး
၂။ ဒေါ်စိုးစိုး
တရားလို တရားပြိုင်များ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ မန်းကျီးပင်ပုကျေးရွာအုပ်စု၊ ကျွဲကျောင်းကျေးရွာနေ ဦးခင်မောင်ဦး၊ ဒေါ်စိုးစိုး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ဝေစီမိုးက စာချုပ်ပါဝိုင်းမြေအား လက်ရောက်ရလိုမှု(သို့မဟုတ်) တရားလိုထံမှ တရားပြိုင်များမူလချေးယူငွေ(၁၉၅၀၀၀၀၀/-)ကျပ်နှင့် နစ်နာကြေးငွေ(၄၈၀၀၀၀၀/-)ကျပ်နှင့် စုစုပေါင်းငွေ(၂၄၃၀၀၀၀၀/-) (ကျပ်နှစ်ဆယ့် လေးသိန်းသုံးသောင်း)ကျပ်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ် )၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၄ရက် (၁၃၈၅ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူ ဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက် ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရ မည်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက် မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဆုသဲမွန်)
ဒုတိယမြို့နယ်တရားသူကြီး
စလင်းမြို့နယ်တရားရုံး

## ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထက ကွင်းသုံးဆင့် Grade-12(B)မှ မရွှေရည်လင်း၏ ဖခင်အမည်မှန်မှာ ဦးလင်းထင် ၁၄/ရကန(နိုင်)၁၀၉၀၇၉ ဖြစ်ပါကြောင်း။

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ကြို့ပင်စခမ်းကျေးရွာအုပ်စု ဘီးကွဲကျေးရွာနေ(ဘ)ဦးမြင့်သန်း၏သမီး မဝင်းရည်မော်၏ အမည်မှန်မှာ မဝင်းရီမော် ၇/ကပက(နိုင်)၀၉၂၁၈၂ ဖြစ်ပါကြောင်း။ **မဝင်းရီမော်**

## အမည်မှန်

သံတွဲမြို့၊အမှတ်(၈)ရပ်ကွက်၊ ဒွါရာဝတီမြို့သစ်(ခ)၅ လမ်းနေ ဦးကိုအေး၏သား မောင်အောင်မင်းဉာဏ်၏ အမည်မှန်မှာ ၁၁/သတန(နိုင်)၁၃၅၅၁၅ အရ မောင်အောင်မြတ်မင်း ဖြစ်ပါကြောင်း။ **မောင်အောင်မြတ်မင်း**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ ၁၂ ရပ်ကွက်နေ ဦးလှမိုးအောင်-ဒေါ်လှလှမြင့်ကြည်တို့၏သမီး ထ-ခွဲ လ(၁၀) မြောက်ဥက္ကလာပ G-12 တွင် ပညာသင်ကြားနေသော မကဗျာမိုးအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၈-၂၀၀၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ကျွန်းတောလမ်း၊ တိုက်ခန်းအမှတ်(၆)၊ Condo(6)၊ အခန်း အမှတ် (1201)၊ Time City Project ၊ အကျယ်အဝန်း(၂၄၃၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းအတွင်းရှိ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပေါက်သူ ဦးကျောင်ကျားလျံ(၁၃/လရန(နိုင်)၁၃၂၅၉၇)မှ အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်မွန်မွန်ချို (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**
**ဒေါ်စန္ဒာဝင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း (က)ရပ်ကွက်၊ သဇင်ပန်းလမ်း၊ အမှတ်-၃၃၊ ပထမ ထပ် (မှန်ခန်း၏အပေါ်ထပ်) ဟုခေါ်တွင်သော အကျယ်အဝန်း ၁၈ပေ x ပေ၅၀ ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်း၏ ရေ၊ မီးအစုံပါအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူတို့ဖြစ်ကြသော ၁။ ဦးတင်ထွန်း (၁၂/လသန(နိုင်)၀၁၁၃၅၀) ၂။ ဒေါ်စန်းစန်းရီ (၁၂/လသန(နိုင်)၀၁၀၄၇၅)၃။ ဒေါ်အေးသီတာမျိုး (၁၂/လသန(နိုင်)၀၁၆၈၉၁) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစုံတရာပေါ်ပေါက်ခြင်း မရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးမျိုးမြင့်အောင်** — **စဉ်-၂၅၁၆၅**
**ဦးအေးမင်းသူ** — **စဉ်-၂၆၁၉၉**
**ဒေါ်လင်းလင်းကြည်** — **စဉ်- ၄၆၃၂၈**
**အထက်တန်းရှေ့နေများ**
**အမှတ် -၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း - ၀၉၅၁၄၅၇၆၇ ၊ ၀၉၄၂၀၀၂၈၃၆၆ ၊ ၀၉၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

